ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ ရက် စတင်ထုတ်ဝေသည်
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ အင်္ဂါနေ့ (4-2-2014) (၇၇၄၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာ ပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီအမ်ဂျာယာရာသ်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကျောက်ဖြူအထူးစီးပွားရေးဇုန်အား ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားအပေါ် အလေးအနက်ထား ဒေသနှင့်နိုင်ငံတော်အတွက် ရေရှည်ခိုင်မာသည့်စီးပွားရေးဇုန်ဖြစ်အောင် ဆောင်ရွက်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးငြေးအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီးများနှင့်အတူ စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ ကျောက်ဖြူမြို့သို့ရောက်ရှိပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်ဆောက်မည့် စီမံကိန်းမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် စီမံကိန်းဧရိယာအတွင်းပါဝင်သည့် စည်မော်ကျေးရွာနှင့်အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မည့်နည်းလမ်းများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အကောင်းဆုံးနှင့် စံပြစီးပွားရေးဇုန်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌လည်း ဒေသခံပြည်သူများ၏ ဆန္ဒသဘောထားတို့အပေါ် အလေးအနက်ထား၍ ဒေသနှင့် နိုင်ငံတော်အတွက် ရေရှည်ခိုင်မာတည်တံ့သည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကျောက်ဖြူသဘာဝဓာတ်ငွေ့ပို့လွှတ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီမြစ်စဉ်စုတစ်ခုလုံးနှင့်စပ်ဆိုင်သော ပထဝီဝင်ဆိုင်ရာ၊ ဘူမိဗေဒဆိုင်ရာဖြစ်စဉ်များကို စူးစမ်းလေ့လာမှုများပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဧရာဝတီမြစ်ကြီးနှင့်ပတ်သက်၍ အချက်အလက်များကို လိုအပ်သောအချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ယုံကြည်ကိုးစားရလောက်သည့် သုတေသနတွေ့ရှိချက်များကို အချက်အလက်ဘဏ်ကြီးတစ်ခု (Data Bank) ဖွင့်၍ စနစ်တကျသိုလှောင်သိမ်းဆည်းထားရန် အရေးတကြီးလိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပထဝီဝင်သမဂ္ဂ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပါမောက္ခ ဦးမောင်မောင်အေးက အကြံပြုပြောကြားသည်။

"ဧရာဝတီမြစ်ဝှမ်းဒေသကြီး(Ayeyawady River Basin)ရဲ့ ရေဆင်းချိုင့်ဝှမ်းဧရိယာက စုစုပေါင်း ၁၆၀၅၀၂ စတုရန်းမိုင်ရှိပြီး မြန်မာနိုင်ငံစုစုပေါင်းဧရိယာရဲ့ ၆၀ ရာခိုင်နှုန်းလောက်ရှိပါတယ်၊ မြို့ပေါင်း ၂၁၅ မြို့၊ ရွာပေါင်း ၁၉၄၄၃ ရွာနဲ့ လူဦးရေ ၂၄ သန်းလောက်တည်ရှိနေထိုင်ကြပါတယ်။ မြန်မာနိုင်ငံဟာ ဒီဧရာဝတီမြစ်ဝှမ်းလွင်ပြင်ဒေသကြီးကို အခြေပြုတည်ဆောက်ထားတဲ့မြစ်ဝှမ်းနိုင်ငံတစ်ခုဖြစ်တာကြောင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီဖွဲ့စည်းခြင်းအား လွှတ်တော်က ထောက်ခံသဖြင့် သဘောတူကြောင်း ကြေညာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး
စာမျက်နှာ » ၃

ကြေးမုံ စာတည်းရှုထောင့် **၄-၂-၂၀၁၄၊ အင်္ဂါနေ့**

မြန်မာ့အာမခံလုပ်ငန်း

နိုင်ငံတော်အတွက် ဘဏ္ဍာငွေရှာဖွေပေးနေသော အဖွဲ့အစည်းများတွင် မြန်မာ့အာမခံလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခု ဘဏ္ဍာနှစ်အတွက် မြန်မာ့အာမခံလုပ်ငန်းမှ ကျပ်သန်းပေါင်း သုံးသောင်းကျော် ဘဏ္ဍာငွေရရှိရန်လျာထားသော်လည်း လက်ရှိတွင် လျာထားချက်ထက်ကျော်လွန်ရရှိနေပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့အာမခံလုပ်ငန်းအပေါ် ပြည်သူတို့၏ ယုံကြည်အားကိုးမှုကို ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

ယခင်က မြန်မာ့အာမခံလုပ်ငန်းကိုနှစ်ပေါင်း ၆၃ နှစ်ကြာတစ်ဖွဲ့တည်းလုပ်ကိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုသို့ လုပ်ငန်းလိုင်စင်ချပေးခဲ့သည်။ လက်ရှိတွင် အာမခံအမျိုးအစား ၄၆ မျိုးကို လုပ်ကိုင်လျက်ရှိပြီး မီးအာမခံအမျိုးအစားမှာ ထားရှိမှုအများဆုံးဖြစ်ကြောင်း သိရသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းမှ မီးလောင်ဆုံးရှုံးမှုအတွက် အများဆုံးအဖြစ် လျော်ကြေးငွေကျပ် ၂၉၇ သန်းပေးလျော်ခဲ့ရကြောင်း သိရသည်။

၂၀၁၃ ခုနှစ်မှစတင်ကာ လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုအနက် သုံးခုသည် အသက်အာမခံလုပ်ငန်းတစ်မျိုးတည်းကိုသာ လုပ်ကိုင်လျက်ရှိပြီး ကျန်ကုမ္ပဏီကိုးခုမှာ အသက်အာမခံနှင့် မီးအာမခံ၊ မော်တော်ယာဉ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံနှင့် ငွေပို့ငွေသယ် အာမခံတို့ကို လုပ်ကိုင်လျက်ရှိနေကြသည်။

အာမခံလုပ်ငန်းများအနက် မော်တော်ယာဉ်အာမခံမှာ ယာဉ်ပိုင်ရှင်များက ယာဉ်တိုက်မှုဖြစ်လျှင် နှစ်ခါလျော်ကြေးရမည်ထင်ပြီး အာမခံကုမ္ပဏီနှစ်ခုစလုံးတွင် တစ်ပြိုင်တည်း အာမခံထားတတ်ကြသည်။ အမှန်တကယ် လျော်ကြေးရမှာသည် ကုမ္ပဏီတစ်ခုတည်းမှသာဖြစ်သည်။ ပရီမီယံကြေးကို ပိုသွင်းနေရသည်သာ အဖတ်တင်သည်။ ယာဉ်တိုက်မှုဖြစ်ခဲ့လျှင် အာမခံထားရှိသည့် ကုမ္ပဏီနှစ်ခုက ခွဲပြီးလျော်ကြေးပေးခြင်းဖြစ်ရာ ကားပိုင်ရှင်များသတိပြုသင့်သည့်အချက်ဖြစ်သည်။ အာမခံကုမ္ပဏီများတွင် လက်ရှိကျင့်သုံးနေသည့် မော်တော်ယာဉ်အာမခံစနစ်အား နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် knock for knock agreement စနစ်သို့ပြောင်းလဲရန်စီစဉ်နေကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏အလိုအပ်ဆုံးဖြစ်သည့် ကျန်းမာရေးအာမခံပေါ်ပေါက်လာရန်ကိုလည်း ပုဂ္ဂလိကအာမခံကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိနေပြီဖြစ်ကြောင်း၊ ၂၀၁၅ မတိုင်မီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သာမန်ပြည်သူများအတွက် ဝမ်းသာစရာမင်္ဂလာသတင်းဖြစ်သည်။ ကျန်းမာရေးအာမခံလုပ်ငန်းသည် မိမိတို့နိုင်ငံတွင် ယခင်က မြွေအန္တရာယ်အာမခံအမျိုးအစားသာရှိခဲ့သည်။ ယခု တစ်မျိုးသားလုံးလွှမ်းခြုံအာမခံ အမျိုးအစားဖြစ်လာအောင် ရည်ရွယ်လုပ်ဆောင်လျက်ရှိလာနေပါပြီ။ ကနဦး မြို့နယ်အလိုက် စမ်းသပ်မှုပြုလုပ်ပြီး အောင်မြင်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်သွားမည်ဟု သိရသည်။

အာမခံဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် အသက်အာမခံနှင့်ကျန်းမာရေးအာမခံဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပြီး အဆိုပါအာမခံအမျိုးအစားများအောင်မြင်ပါက ကျန်ရှိသည့်အာမခံဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာမည်ဟု အာမခံလုပ်ငန်းဆိုင်ရာ ပညာရှင်တစ်ဦးက သုံးသပ်ထားသည်။

အာမခံလုပ်ငန်းသည် တိုင်းပြည်အတွက်ဘဏ္ဍာငွေလည်းရ၊ အာမခံထားသူများအတွက်လည်း ခိုင်မာသောအာမခံပေးလျက်ရှိနေရာ နိုင်ငံနှင့်ပြည်သူအတွက် အကျိုးများသော ပရဟိတလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း။ ။

တရားမအထူးအယူခံမှု (၆)မှု စီရင်ချက်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမအထူးအယူခံမှု (၆)မှုတို့ကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဖေဖော်ဝါရီ	၃
ရန်ကုန် ရွှေဈေး	၆၆၀၅၀၀	- ၆၆၀၅၀၀
မန္တလေး ရွှေဈေး	၆၆၀၅၀၀	- ၆၆၀၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၀. ၀
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၂. ၆၄
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၆၈
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၈၇၉
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၆၄
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၂၉
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၄. ၁၁
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၄၁၁
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၆၄. ၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ပါမောက္ခ ဂျီအယ်လ် ပီးရီးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၂-၂၀၁၄ (အင်္ဂါနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "မေမေသည်သာ" (ဟိန်းဝေယံ၊ ပြေဇင်၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၂း၂၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "ဒေါက်တာအောင်ကျော်ဦး" (အပိုင်း-၂)
၄း၃၀ "၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ" (စိတ်ကြိုက်မြန်မာစာဘာသာရပ်)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)တွင် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ ပဥ္စမတန်းမှ ပညာရည်ချွန်ဆုရရှိသူ မမေရှုပါအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဖြူဝင်း ဆုချီးမြှင့်စဉ်။ **(ပညာရေး)**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ ဖွဲ့စည်းခြင်းအား လွှတ်တော်ကထောက်ခံသဖြင့် သဘောတူကြောင်းကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့ ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး နဝမနေ့တွင် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ် ခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်း အဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင် ခံစာပါ အကြောင်းအရာများကို အကောင်အထည်ဖော် နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က သီးခြား ကော်မတီတစ်ရပ် ထပ်မံဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါသဘောတူဆုံးဖြတ်ချက်နှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) တစ်ရပ် ဖြစ်ပေါ်လာသည်အထိ တာဝန်ပေးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်က သီးခြားကော်မတီတစ်ရပ် ထပ်မံဖွဲ့စည်းခြင်းကို ၃-၂-၂၀၁၄ ရက်တွင် ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပြီးဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက် ရယူဆောင်ရွက်ရန် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ** ဖွဲ့စည်းခြင်းအား လွှတ်တော်က ထောက်ခံသဖြင့် သဘောတူကြောင်း ကြေညာသည်။

မှတ်တမ်းတင်ခြင်းကဏ္ဍ၌ ရှမ်းပြည်နယ် ကျောက်မဲ ခရိုင်အား ကျောက်မဲခရိုင်နှင့် မိုးမိတ်ခရိုင်ဟူ၍ ခရိုင်(၂) ခရိုင်ဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ် မိုင်း ဆတ်ခရိုင်မှ မိုင်းပျဉ်းမြို့နယ်အား ကျိုင်းတုံခရိုင်အတွင်းသို့ ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့အတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေး တွေ့ရှိချက်များနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၂/၂၀၁၄)အပေါ် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရသစ်ပေါ်ထွန်းလာပြီးနောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်စည်းအဝေးတွင် ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘတ်ဂျက်အား အမွေဆက်ခံယူရသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၏ နောက်ဆက်တွဲဖြည့်စွက်ရန်ပုံငွေ တောင်းခံ ခဲ့ရာတွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအတွက် ဖြည့်စွက်ဘီလီယံ ၅၀ လျာထားတောင်းခံခဲ့ပြီး ယခင်အစိုးရ လက်ထက်တွင်ဖွဲ့စည်းခဲ့သော ဌာနအဟောင်းမဟုတ်သဖြင့် လွှတ်တော်က မေးမြန်းရာတွင် နိုင်ငံတော်သမ္မတရုံးမှ ရင်ခွင်ပိုက် တာဝန်ယူထားခဲ့ကြောင်း၊ ယခင် ဘဏ္ဍာရေး ကော်မရှင် အတွင်းရေးမှူးက ရှင်းလင်းတင်ပြခဲ့သဖြင့် လွှတ်တော်က အဆိုပါဘီလီယံ ၅၀အား ခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အရအသုံးဥပဒေတွင် မြန်မာ့ စက်မှုဖွံ့ဖြိုးရေးအတွက် ကျပ် ၃၇၆ ဘီလီယံ တင်ပြရာ၌ ချေးငွေစာချုပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ တင်ပြနိုင်ခြင်းမရှိသည့်အတွက် လွှတ်တော်က မထောက်ခံသဖြင့် ပြင်ဆင်ရေးဆွဲခဲ့ရာ မူလလျာထားသည့် ၃၇၆ ဘီလီယံအပြင် ဝန်ထမ်းနှင့် စရိတ်များအတွက် သာမန်အသုံးစရိတ် ကျပ် ၈၂၅သန်းကိုပါ ရေးဆွဲတင်ပြခြင်း မပြုတော့ဘဲ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန (မပါ သော)၂၀၁၂-၂၀၁၃ အရအသုံးဥပဒေ အတည်ပြုပြဋ္ဌာန်း နိုင်ခဲ့ပါကြောင်း၊ ၎င်းဌာနအပြင် အမှတ်(၁) စက်မှုနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့လည်း အသီးသီးတည်ရှိနေ ကြပါကြောင်း။

နောက်ပိုင်းကာလအတန်ကြာ၌ မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာနကို ဖျက်သိမ်းသည့်အပြင် အမှတ်(၁)နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှစ်ခုကိုလည်း ဝန်ကြီးဌာန တစ်ခုတည်းအဖြစ် ပြောင်းလဲသတ်မှတ်၍ ယနေ့တိုင် ဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မူလအရအသုံးလျာထားချက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုခဲ့သည့် ကျပ်ဘီလီယံ(၅၀) သည် နောက်ထပ် ခွင့်ပြုချက်မရှိတော့သည့်အတွက် မည်သည့်ကိစ္စရပ်မျိုးတွင် ကုန်အောင်အသုံးပြုခဲ့သည် (သို့မဟုတ်) ပမာဏမည်မျှကိုသုံး၍ ပမာဏမည်မျှကို နိုင်ငံတော်သို့ ပြန်အပ်ခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ကျပ် ဘီလီယံ(၅၀)လုံး သို့မဟုတ် အချို့သုံးစွဲပြီးစီးပါက မည်သည့် လုပ်ငန်းမျိုးတွင်သုံးစွဲခဲ့ပြီး အကောင်အထည် ပြနိုင်သည့် လုပ်ငန်းအမျိုးအစားဖြစ်ပါက ပမာဏအတိုင်း အတာမည်မျှ ကျန်ရစ်ပါကြောင်း၊ ကျန်ရစ်သည့် ဆောင် ရွက်ဆဲလုပ်ငန်းပမာဏ သို့မဟုတ် ရန်ပုံငွေပမာဏကို ပြန်လည်လွှဲအပ်ရာ၌ လုပ်ငန်းဆက်စပ်မှုရှိသည့် အမှတ်(၁) နှင့်(၂) စက်မှုဝန်ကြီးဌာန သို့မဟုတ် ပေါင်းစည်းပြီးသည့် စက်မှုဝန်ကြီးဌာန သို့မဟုတ် အခြားမည်သည့် ဝန်ကြီးဌာန မှတစ်ဆင့် လွှဲအပ်ခဲ့ပါကြောင်း၊ အကောင်အထည်ပြနိုင် သည့် ဆောင်ရွက်ဆဲလုပ်ငန်း လက်ကျန်ပမာဏမျိုးဖြစ်ပါက လွှဲအပ်ခြင်းခံရသည့်ဌာနသည် ၎င်းကိစ္စပမာဏကို နိုင်ငံတော် အကျိုးရှိရာရှိကြောင်းအတွက် မည်သို့ ဆက်လက် ဆောင်ရွက်နေပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် သည် ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် အရအသုံးဥပဒေပါ မြန်မာ့ စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာနအတွက် ငွေလုံးငွေရင်းအဆိုပြု ချက်ကိုသာ ကန့်ကွက်ခဲ့သော်လည်း ဘဏ္ဍာရေးကော်မရှင် ၏ ပြန်လည်ရေးဆွဲတင်ပြမှုတွင် သာမန်အသုံးစရိတ် ကျပ် ၈၂၅ သန်းကိုပါ တောင်းခံခြင်းမပြုခဲ့သည့်အတွက် အဆိုပါ ကာလနှင့် အဆိုပါဝန်ကြီးဌာန ဖျက်သိမ်းချိန်ကာလအထိ ကြားကာလများအတွက် အဆိုပါရပ်တည်ဆဲ ဝန်ကြီးရုံးနှင့် ဝန်ထမ်းများ၏ လစာနှင့် အသုံးစရိတ်များအတွက် မည်သည့် ဌာန၏ သာမန်သုံးငွေမှ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကျခံသုံးစွဲခဲ့ပါကြောင်း စသည့်အချက်များကို စိစစ်ပေးနိုင် ခြင်း ရှိ/မရှိ တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက် က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် သတ်မှတ်ထား သည့် ဥပဒေအရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်အပါအဝင် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ စာရင်းဇယားများကို အဓိကတာဝန် ယူ၍ စစ်ဆေးပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စာရင်းဇယားများကို ဥပဒေ အရ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရှိသည့် စာရင်းစစ်ချုပ်များကို ထပ်ဆင့်တာဝန်ပေးစေခိုင်း ပြီး စစ်ဆေးပါကြောင်း၊ ဦးဝင်းသန်း၏ ပြောဆိုချက်ဖြစ်သည့် အဓိကဘီလီယံ ၅၀ ကိစ္စတွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီး ဌာန၏ကိစ္စဖြစ်ပါကြောင်း၊ ယခုအခါ အဆိုပါဝန်ကြီးဌာန သည် ဖျက်သိမ်းပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနကို ၂၀၁၁ ခုနှစ်၌ စတင်ဖွဲ့စည်းစဉ်ကလည်း ဝန်ကြီးအဆင့်သာ ဖွဲ့စည်းပြီး ဝန်ထမ်းအဖွဲ့အစည်းများသည် ဖွဲ့စည်းနိုင်ခဲ့ခြင်း မရှိခဲ့သေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဝန်ကြီး ဌာန ဖျက်သိမ်းလိုက်သည့်အချိန်တွင်လည်း ဝန်ထမ်းများ၏ ရန်ပုံငွေများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းသုံးစွဲခြင်းဖြစ်ကြောင်း အကြမ်းဖျင်းတင်ပြအပ်ပါ ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်း ရေးမှူးက လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၏ ဆွေးနွေးချက် များအပေါ် ပြန်လည်ရှင်းလင်းပြောကြားပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌက အစီရင်ခံစာ (၂/ ၂၀၁၄)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာပြီး အစည်း အဝေးကို ညနေပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

တောင်ကြီးရုပ်သံစက်ရုံမှ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

တောင်ကြီးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၄ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို ဇန်နဝါရီ ၂၅ ရက် သတင်းစာများတွင် အသိပေးတင်ပြထားသည်။

ယခုအခါ Digital Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ပါသဖြင့် ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီ ထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 10KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိပါကြောင်းနှင့် မူလအတိုင်းပြန်လည် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နယူးယောက်မြို့တော်ဝန်ဟောင်းအား ကုလသမဂ္ဂ အထူးသံတမန်အဖြစ်ခန့်အပ်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၃

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၏ မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွမ်းဘတ်ဂ်ျအား မြို့ကြီးများနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အထူးသံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာလတွင်ကျင်းပရန်ရှိပြီး မြို့ကြီးများ၏ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှုပြဿနာကို အာရုံစိုက်ကိုင်တွယ်ဆောင်ရွက်နိုင်စေရန် ဘလွမ်းဘတ်ဂ်ျအား ဘန်ကီမွန်း၏ အထူးသံတမန်အဖြစ် ခန့်အပ်ခြင်းဖြစ်သည်။

ကူညီမည်

ရာသီဥတုပြောင်းလဲလာမှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် ကုလသမဂ္ဂ၏ နှစ်ရှည်မဟာဗျူဟာအရ ကမ္ဘာ့မြို့ကြီးများက ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှု လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံရေး အသိစိတ်နိုးကြားလာစေရန် ရည်ရွယ်လျက် အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကမ္ဘာ့မြို့ကြီးများမှ မြို့တော်ဝန်များ၊ ပါဝင်ဆောင်ရွက်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရာတွင် ဘလွမ်းဘတ်ဂ်ျက ကုလသမဂ္ဂအကြီးအကဲအား ကူညီမည်ဖြစ်ကြောင်း ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဘလွမ်းဘတ်ဂ်ျသည် မြို့တော်ဝန်အဖြစ် ၁၂ နှစ်ကြာ တာဝန်ထမ်းရွက်ခဲ့ပြီးနောက် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ရာထူးမှဆင်းပေးခဲ့သည်။ ဘလွမ်းဘတ်ဂ်ျသည် ယခုအခါ စီ ၄၀ ရာသီဥတု ခေါင်းဆောင်မှုအုပ်စု၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယင်းအုပ်စုသည် ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများ၏ ကွန်ရက်တစ်ခုဖြစ်ပြီး ရာသီဥတုနှင့် ဆက်နွှယ်နေသော ရေးရာများကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ။

နယူးယောက်မြို့၌ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန် ဆန္ဒပြတောင်းဆိုသူတစ်ဦးကို တွေ့ရစဉ်။

ဝန်ကြီးချုပ်ယင်လတ်အား အစိုးရအဖွဲ့ထောက်ခံသူများနှင့်အတူ တွေ့ရစဉ်။

ထိုင်းဝန်ကြီးချုပ်ယင်လတ်ပြုတ်ကျသည်အထိ ဆက်လက်ဆန္ဒပြမည်ဟု အတိုက်အခံများပြော

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံ၌ ဖေဖော်ဝါရီ ၂ ရက်က အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည့်တိုင်အောင် နိုင်ငံရေးပြဿနာများမှာ ပြီးဆုံးခြင်းမရှိသေးဘဲ ဝန်ကြီးချုပ်ယင်လတ်ရှင်နာဝါထရာ ရာထူးမှပြုတ်ကျသည်အထိ လမ်းများပေါ်၌ ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

အထွေထွေ ရွေးကောက်ပွဲအတွင်း မဲရုံထောင်ပေါင်းများစွာ၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ခြင်းမရှိစေရန် ဆန္ဒပြသူများက တားဆီးပိတ်ပင်ခဲ့ကြသည်။ မဲဆန္ဒနယ်များအားလုံးတွင် မဲပေးနိုင်ခြင်းပြုလုပ်နိုင်မှသာ ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ပေးနိုင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲအာဏာပိုင်များက ပြောကြားခဲ့ကြသည်။

ရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ အရှုပ်အထွေးပြဿနာကိုဖြေရှင်းနိုင်ရန်နှင့် ဝန်ကြီးချုပ်ယင်လတ်အား တရားစွဲဆိုမှုများပြုလုပ်နိုင်ရန် ဥပဒေကြောင်းအရ လုပ်ဆောင်လာပါက အာဏာရပွေထိုင်းပါတီက ရင်ဆိုင်ဖြေရှင်းသွားမည်ဟုဆိုသည်။

ယင်လတ်သည် ၎င်း၏အစ်ကို သက်ဆင်၏ ရုပ်သေးရုပ်တစ်ရုပ်ဖြစ်သည်ဟု အတိုက်အခံခေါင်းဆောင်များက ပြောကြားသည်။ သက်ဆင်သည် ၂၀၀၆ ခုနှစ်တွင် စစ်ဘက်မှအာဏာသိမ်းမှုတွင် ရာထူးမှဖယ်ရှားခံခဲ့ရပြီး အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ ပြည်ပြေးတစ်ဦးအဖြစ် ခိုလှုံလျက်ရှိသည်။ သက်ဆင်သည် ပြည်တော်ပြန်လာမည်ဆိုပါက အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခံရဖွယ်ရှိသည်။

ရိုက်တာ။

တာလီဘန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိုယ်စားလှယ်အဖွဲ့၌ ခရစ်ကက်ကစားသမားဟောင်း အီမရာခန်းအား ထည့်သွင်း

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၃

ခရစ်ကက်ကစားသမားဟောင်းနှင့် နိုင်ငံရေးသမားဖြစ်သူ အီမရာခန်းအား ပါကစ္စတန်အစိုးရနှင့်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာလီဘန်အဖွဲ့က ထည့်သွင်းလိုက်သည်။ ယင်းကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်ငါးဦးပါဝင်မည်ဖြစ်သည်။

မစ္စတာခန်း၏ပါတီသည် အစိုးရနှင့်တာလီဘန်အဖွဲ့ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရန် အခိုင်အမာထောက်ခံခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ကူညီရန် ၎င်းအနေဖြင့်သေချာသလောက်ရှိကြောင်း ကြေညာချက်တစ်ရပ်၌ မစ္စတာခန်းက ပြောကြားသည်။

လက်ရှိ ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် အာဏာပြန်လည်ရရှိသည့် ယမန်နှစ်မေလအတွင်းကပင် ပါကစ္စတန် တာလီဘန်အဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်မည်ဟုပြောကြားခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရေးအတွက် ကိုယ်စားလှယ်အဖွဲ့ အမည်စာရင်းကို ထုတ်ပြန်ရန် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်က ပြောကြားခဲ့သည်။ ပါကစ္စတန်တွင် လူအသေအပျောက်များရှိမည့် တိုက်ခိုက်မှုများစဉ်ဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။

ဝန်ကြီးချုပ်ရှရစ်ဖ်၏ တုံ့ပြန်မှုမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရန် ကမ်းလှမ်းမှုဟုယုံကြည်ရဖွယ်ရှိကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့က ပြောကြားသည်။

ဘီဘီစီ။

ခရစ်ကက်ကစားသမားဟောင်း အီမရာခန်းအား ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်နှင့်အတူ တွေ့ရစဉ်။

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း တန်းတူညီမျှရေး အိန္ဒိယနိုင်ငံသား မသန်စွမ်းသူများ တောင်းဆိုဆန္ဒပြ

နယူးဒေလီ ဖေဖော်ဝါရီ ၃

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် သန်စွမ်းသူများနှင့် တန်းတူ အခွင့်အရေး ရရှိရေးအတွက် အိန္ဒိယလွှတ်တော်က ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် ထောင်ပေါင်းများစွာသော အိန္ဒိယနိုင်ငံသားများက ဖေဖော်ဝါရီ ၃ ရက်တွင် မြို့တော်ဒေလီ၌ တောင်းဆိုဆန္ဒပြပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ယနေ့ ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ပစ်ပယ်ခံရ

ယင်းဆန္ဒပြတောင်းဆိုပွဲတွင် မသန်စွမ်းသူ ထောင်နှင့်ချီပါဝင်သည်။ ၎င်းတို့သည် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ သန်း ၄၀မှ ၉၀ခန့်အထိရှိနိုင်သော မသန်စွမ်းသူများအား ကိုယ်စားပြု၍ ဆန္ဒပြခြင်းဖြစ်သည်။ မသန်စွမ်းသူများသည် အိန္ဒိယ လူ့အဖွဲ့အစည်းတွင် ကာလရှည်လျားစွာ ပစ်ပယ်ခံထားရသူများဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးချိန်ကတည်းကပင် မသန်စွမ်းသူများရထိုက်သော အခွင့်အရေးများ ရရှိရန် ကာလရှည်ကြာစွာ စောင့်စားနေခဲ့ရကြောင်း၊ စောင့်စားသူများထဲမှ အချို့မှာ သက်ကြီးရွယ်အိုဘဝပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း အမျိုးသားနားမကြားသူများ အစည်းအရုံးဥက္ကဋ္ဌ ဇိုရင်ဆင်ဟာက ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် နားမကြားသူဦးရေ ၁၈သန်းရှိမည်ဟု ခန့်မှန်းရသည်။

အိန္ဒိယလွှတ်တော်မှ ပြဋ္ဌာန်းမည့် ဥပဒေမူကြမ်းသည် ၎င်းတို့၏ဘဝကို အရာရာပြောင်းလဲစေနိုင်မည်ဟု ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ အိန္ဒိယဂိတ်တံခါးအနီး ထိုင်နေကြသည့် ဆန္ဒပြလူအုပ်ကြီးလက်တွင် ကိုင်ဆောင်ဝှေ့ယမ်းနေသည့် စာတန်းများ၌ ကျွန်ုပ်တို့အခွင့်အရေးများကိုအလိုရှိသည်။သင်တို့၏ပေးကမ်းထောက်ပံ့မှုကို အလိုမရှိပါဟု ရေးသားထားသည်။

ပီတီအိုင်။

ယီမင်မြို့တော်ဆာနားတွင် ဒုံးကျည်သုံးစင်း ကျရောက်ပေါက်ကွဲ

ဆာနား ဖေဖော်ဝါရီ ၃

ယီမင်နိုင်ငံ မြို့တော်ဆာနားတွင် ဖေဖော်ဝါရီ ၃ရက်က ကြီးမားသော ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာနေရာများမှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့် ယီမင်သမ္မတဟောင်း၏ နေအိမ်အနီးတို့တွင်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဆာနားမြို့တော်တွင် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်ကို ရိုက်တာသတင်းဌာနက ဖော်ပြသည်။ တတိယအကြိမ်ပေါက်ကွဲမှုသည် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ၏အိမ်အနီးတွင် ဖြစ်ပွားခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။ လုံခြုံရေးယာဉ်များသည် တတိယအကြိမ်ပေါက်ကွဲမှုဖြစ်ပွားရာသို့ အလျင်အမြန်သွားရောက်ကြပြီး ယင်းဒေသသို့ ဝင်ရောက်ရာလမ်းကြောင်းများကို ပိတ်ဆို့ခဲ့ကြောင်း၊ လူနာတင်ယာဉ်များက ပေါက်ကွဲမှုဖြစ်ပွားရာဒေသမှ ထိခိုက်ဒဏ်ရာရသူ လေးဦးကို သယ်ယူသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ရိုက်တာ။

အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၁၄)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ အာရှ-ပစိဖိတ်ဒေသမှ စာကြည့်တိုက်ပညာရှင်များ၊ စာကြည့်တိုက်မှူးများ၊ နိုင်ငံတကာမှ စာကြည့်တိုက်ပညာ ဟောပြောပို့ချမည့် ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း စာကြည့်တိုက်ကဏ္ဍကို တိုးမြှင့်ရန်အတွက် ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲကို ကျင်းပကာ နိုင်ငံတကာမှ စာကြည့်တိုက် ပညာရှင်များနှင့် အာဆီယံနိုင်ငံများမှ စာကြည့်တိုက်မှူးများ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို ဖလှယ်စေခြင်းဖြစ်ပါကြောင်း၊ ယခုနှီးနှောပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အသိပညာ၊ အတတ်ပညာများကို ဖလှယ်၍ ပူးပေါင်းဆွေးနွေးခြင်းဖြင့် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်သို့ ရှေးရှုသော စာကြည့်တိုက်နှင့် သတင်းအချက်အလက်နယ်ပယ်သို့ တိုးချဲ့နိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါ အခွင့်အလမ်းများကိုရယူလျက် တက်ရောက်လာကြသော ကိုယ်စားလှယ်များအနေဖြင့် ယခုနှီးနှောဖလှယ်ပွဲတွင် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ILFA Division V ဥက္ကဋ္ဌ Dr. Daniel G.Dorner က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စုံညီဆွေးနွေးပွဲကို ကျင်းပရာ Dr.Daniel G.Dorner က လူ့အဖွဲ့အစည်းအတွက် စာကြည့်တိုက်များ ကဏ္ဍရပ်အတွက် အဓိကဆွေးနွေးတင်ပြပြီး အာဆီယံနိုင်ငံများက မိမိတို့နိုင်ငံအလိုက် စာကြည့်တိုက်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒစ်ဂျစ်တယ်စာကြည့်တိုက်များသို့ရှေးရှုသော စာကြည့်တိုက်ပညာရှင်များ၏ အသိပညာမြင့်မားရေး ခေါင်းစဉ်ဖြင့် ဂုဏ်ထူးဆောင် စာကြည့်တိုက်မှူး Dr.Liz Curach ကလည်းကောင်း၊ စာကြည့်တိုက်ပိုင်စာပေပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေးခေါင်းစဉ်ဖြင့် National Diet Library မှ Mr.Hiroshi Tsukada ကလည်းကောင်း၊ လူထုအခြေပြု စာကြည့်တိုက်လုပ်ရှားမှုများ ခေါင်းစဉ်ဖြင့် Regional Information Officer of American Center မှ Ms.Wendy A Zaman က လည်းကောင်း အုပ်စုအလိုက် ဆွေးနွေးခြင်း၊ တင်ပြခြင်းများကို ဆောင်ရွက်ကြသည်။

အလားတူ အုပ်စုအလိုက်ဆွေးနွေးတင်ပြခြင်းဆိုင်ရာကဏ္ဍများကို နေရာများခွဲ၍တစ်ပြိုင်တည်းကျင်းပရာ၌ ILFA Division V ဥက္ကဋ္ဌ Dr.Daniel G.Dorner က ဒစ်ဂျစ်တယ်စာကြည့်တိုက်များသို့ရှေးရှုသော စာကြည့်တိုက်ပညာရှင်များ၏ အသိပညာမြင့်မားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာကြည့်တိုက်ပိုင်စာပေပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေး ခေါင်းစဉ်ဖြင့် (မော်ကွန်းတိုက်မှူး၊ ပညာရေးဝန်ကြီးဌာန) ဒေါ်တင်ဘုန်းနွယ်က လည်းကောင်း၊ လူထုအခြေပြုစာကြည့်တိုက်လှုပ်ရှားဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် National Library Board, singapore မှ Mr.Robin Dresel က လည်းကောင်း ခေါင်းဆောင်၍ ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သုံးခွစံပြကျေးရွာ အလင်းတံတားစာကြည့်တိုက်ဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သုံးခွစံပြကျေးရွာ အလင်းတံတားစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က သုံးခွစံပြကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမင်းဆွေ၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုဌေး၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ညွန့်ဝေ၊ ပြန်/ဆက် ဦးစီးမှူး ဒေါ်နုနုယဉ်မိုးနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလင်းတံတားစာကြည့်တိုက်မှာအလှူရှင် သုံးခွစံပြကျေးရွာမှ ဦးတင်ဌေး-ဒေါ်အိအိဆွေတို့ မိသားစုက ငွေကျပ် ၃၂၈၀၀၀၀၊ ပဲခူးမြို့မှ ဦးဟိန်းလတ်-ဒေါ်နော်ဥမ္မာတို့က ကျပ်သိန်း ၅၀၊ ဒိုက်ဦးမြို့ ရွှေယာမြေ ကုမ္ပဏီလီမိတက်က အလှူငွေကျပ် ငါးသိန်းနှင့် စုစုပေါင်း ကျပ်သိန်း ၉၀ ကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

ကျော်ကျော် (IPRD)

အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ပေါင် ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာတွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၃ နာရီက မုတ္တမကျေးရွာ မြို့မအားကစားပြိုင်ဝင်း၌ ကျင်းပသည်။

အဆိုပါရပ်ကွက်ပေါင်းစုံဗိုလ်လုပွဲတွင် အမှတ်(၃)သစ်ပုံဆိပ်ရပ်ကွက်အသင်းနှင့် အမှတ်(၁၀) မီးရထားဝင်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ်ပုံဆိပ်အသင်းက မီးရထားဝင်းအသင်းကိုအနိုင်ရကာ ဒိုင်းဆုကြီး ဆွတ်ခူးရရှိခဲ့သည်။ ပထမဒိုင်းဆုရရှိသော သစ်ပုံဆိပ်အသင်းအား မုတ္တမကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်ကပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မိချို-Iprd)**

အသိပညာပေးဟောပြောပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၃

မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အခြားဥပဒေများ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ စက်ရုံလမ်းရှိ အခြေခံပညာ အထက်တန်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာံစိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ညောင်လေးပင်မြို့နယ် ဥပဒေအရာရှိ ဦးသူရသင်းဇော်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုဆိုင်ရာဥပဒေများအကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းဆိုင်ရာဥပဒေများအားအကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာံစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်နော်ချစ်မေ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုမြို့နယ်မှူး ဒုရဲမှူးဝင်းအေးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးသူရသင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၄၀၀ နီးပါး တက်ရောက်ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



ပေးကားပေး၏... မရ... မဖြစ်ရလေအောင်

စံလွင်(ငါးဦးစီး)

နိုင်ငံအတွင်းမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အမျိုးသားရေးအသွင် သတ်မှတ်ပြီး အားသွန်ခွန်စိုက် စီမံဆောင်ရွက်နေတာကို တွေ့မြင်ကြားသိနေရပါတယ်။ ရက်ပိုင်းအတွင်းကပဲ ပုဂ္ဂလိက သတင်းစာတစ်စောင်မှာ "ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ရင်းနှီးငွေအဖြစ် ချထားပေးမည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း"ဆိုတဲ့ သတင်းတစ်ပုဒ် ဖတ်ရှုလိုက်ရပါတယ်။

အဲဒီ စီမံကိန်းက တစ်ရွာကို အရင်းအနှီး ကျပ်သိန်း ၃၀၀ ချထားပေးမှာဖြစ်ပါသတဲ့။ ရွာတွေမှာ ကော်မတီဖွဲ့ပြီး အရင်းမပျောက်ရန်ပုံငွေအဖြစ်ထားပေးမှာလို့ ဆိုပါတယ်။ ရန်ပုံငွေကို ဒီရွာကပဲကိုင်၊ ဒီရွာကပဲလုပ်။မွေးမြူရေးပဲလုပ်လုပ်၊ စိုက်ပျိုးရေးပဲလုပ်လုပ် ရင်းနှီးငွေသဘောမျိုးထားပြီးချေးပေးမှာ ဖြစ်ပါသတဲ့။ စီမံကိန်းကိုတော့ လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စတင်မယ်လို့ ဆိုပါတယ်။

ဒီမတိုင်ခင်ကလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်

(၁) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး
(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး
(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၄) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး
(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး
(၈) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုတဲ့ လုပ်ငန်းစဉ် (၈) ရပ်နဲ့သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေတာကို တွေ့မြင်ကြားသိနေရပါတယ်။

ယခု ဆောင်ရွက်နေတဲ့ ဆင်းရဲမှုလျှော့ချရေးနည်းလမ်းတွေဟာ တစ်ဦးတစ်ယောက် (သို့) မိသားစုတစ်စုဝင်ငွေတိုးရေး၊ အပိုဝင်ငွေရရှိရေးတို့အတွက် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုဖြစ်ခြင်းဟာ မိသားစုဝင်ငွေနည်းပါးလို့ ဖြစ်ရတာကြောင့် ဝင်ငွေမြင့်မားလာအောင်ဆောင်ရွက်ပေးခြင်းဖြင့် အထိုက်အလျောက် ဆင်းရဲမှုလျော့ကျသွားအောင် ဆောင်ရွက်တာဖြစ်တယ်လို့ ဆိုပါတယ်။

ဆင်းရဲရခြင်းရဲ့ အရင်းအမြစ်ကိုလိုက်ရင် တွေ့ရှိချက်တွေဟာ အထူးများပြားလှပါတယ်။ ဆွေးနွေးငြင်းခုံရမယ့် အချက်အလက်တွေဟာလည်း တစ်ပုံတစ်ပင်ပါပဲ။ ရေတိုကုစားရမယ့်နည်းလမ်းကတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ အရင်းအနှီးရှာဖွေထောက်ပံ့ပေးခြင်းတို့ကို စနစ်တကျလုပ်ဆောင်ပေးတာမျိုးဖြစ်ပြီး ရေရှည်နည်းလမ်းအနေနဲ့ကတော့ အတတ်ပညာ၊ အသိပညာ၊ အတွေးအခေါ်၊ ဘာသာတရား၊ ကိုယ်ကျင့်တရား၊ သိက္ခာစောင့်စည်းမှုစတာတွေကို ဖြစ်စေနိုင်တဲ့ အစီအမံ၊ အထောက်အပံ့မျိုးတွေကို ပျိုးထောင်ဖန်တီးပေးဖို့ လိုလိမ့်မယ်လို့ စဉ်းစားမိပါတယ်။

နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးကြတဲ့ အခြေခံလူတန်းစားတွေဟာ ကျေးလက်မှာဆိုရင် လယ်ယာနဲ့ငါးဖမ်းလုပ်ငန်းတွေ

> **ကူပေးမည့်၊ ထူပေးမည့် အခွင့်အရေးများ ရရှိလာချိန်မှာ ခံယူသူများအနေနဲ့ ဆင်းရဲတွင်းက လွတ်မြောက်ရန် ပြင်းပြသော ဆန္ဒ ခိုင်မာသော သန္နိဋ္ဌာန်များ ချမှတ်ပြီး ကြိုးစားဆောင်ရွက်သင့်**

လုပ်ကိုင်ကြတဲ့ လက်လုပ်လက်စားတွေဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များမှာတော့ ကြုံရာကျပန်းအလုပ်တွေ ရှာဖွေလုပ်ကိုင်ရတဲ့ တစ်နေ့လုပ်တစ်နေ့စား အလုပ်သမားလူတန်းစားတွေနဲ့ ငွေရင်းမရှိလို့အတိုးကြီးပေးပြီး ရောင်းဝယ်စားသောက်နေရတဲ့ ခေါင်းရွက်ဗျပ်ထိုး လမ်းဘေးဈေးသည်တွေ ဖြစ်ကြပါတယ်။

ငွေတိုးနှုန်းကို သိလိုတာကြောင့် လမ်းဘေးပျံကျဈေးတန်းက ငါးသည်လေးတွေကို စုံစမ်းကြည့်တဲ့အခါ ဈေးတစ်ဗန်း လှလှခင်းနိုင်ဖို့ အရင်းက တစ်သိန်းလောက်လိုပါသတဲ့။ နေ့ပြန်တိုးပေးစားတဲ့သူတွေထံက ငွေတစ်သိန်းနေ့သွင်းယူရင် တစ်ရက်လေးထောင်နှုန်းနဲ့ ရက်သုံးဆယ်သွင်းရလို့ တစ်လကို အတိုးနှစ်သောင်းကျတယ်လို့ ပြောပြပါတယ်။ နေ့ပြန်တိုးယူရင်တော့ ငွေတစ်သိန်းကိုနေ့စဉ်ငွေနှစ်ထောင်အတိုးအဖြစ် ပေးရပါသတဲ့။ အကြောင်းကြောင်းတွေကြောင့် တစ်လလောက် အရင်းပြန်မဆပ်နိုင်ခဲ့ရင် အတိုးကတင် ခြောက်သောင်းကျနေပါပြီ။ ဒီတော့ကာ လှော်ရင်းနစ်ပြီး ဖွပ်သထက်ညစ်နေရတဲ့ ဖြစ်စဉ်များအပေါ် စိတ်မသက်မသာ ဖြစ်ရပါတယ်။

အခုအခါမှာတော့ အစိုးရသစ်အဖွဲ့ရဲ့ သက်တမ်းနှစ်လအကြာမှာ စတင်ခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွေက အထောက်အကူပြုတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ်။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေအတွက် အသေးစားပုဂ္ဂလိကချေးငွေလုပ်ငန်းတွေ၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေအတွက် လုပ်ငန်းတိုးချဲ့ဖို့ချေးငွေတွေ၊ မွေးမြူရေးလုပ်ငန်းအတွက် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ နွား စတဲ့မွေးမြူရေးတိရစ္ဆာန်တွေကို မွေးဖက်စနစ်နဲ့ ချေးငွေထုတ်ပေးနေတာတွေကို တွေ့မြင်ကြားသိနေရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အသုံးပြုမယ့်ချေးငွေတွေဟာ အတိုးမဲ့ (သို့မဟုတ်) သက်သာသောအတိုးနှုန်းနဲ့ ခွင့်ပြုမှာလို့လည်း သိရှိရပါတယ်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကဏ္ဍရဲ့စီမံကိန်းအတွက် သုံးစွဲရမယ့်ငွေကြေးအပိုင်းမှာ နိုင်ငံတော်ဘတ်ဂျက်ပံ့ပိုးမှုအပါအဝင် နိုင်ငံတကာမှ ထောက်ပံ့ငွေများ၊ ချေးငွေများနဲ့ အားဖြည့်ဆောင်ရွက်ထားတာမို့ ပံ့ပိုးမှုအပိုင်းက အခိုင်အမာရှိကြောင်း တွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်ခုမှာ အမေရိကန်ဒေါ်လာ ရာဂဏန်းလောက်ပဲရှိတဲ့ အရင်းအနှီးနဲ့ လက်လုပ်လက်စားအမျိုးသမီးများကို အဓိကထားပြီး သက်သာသောအတိုးနှုန်းနဲ့ ငွေချေးပေးတဲ့ပရဟိတသမားတစ်ယောက်ဟာ ယခုအခါ ထိတ်ထိတ်ကြဲအောင်မြင်တဲ့ ဘဏ်လုပ်ငန်းရှင်တစ်ဦး ဖြစ်သွားပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်တဲ့သူ့ရည်ရွယ်ချက်ဟာလည်း လွန်စွာအောင်မြင်မှုရရှိတဲ့အတွက် နိုဘယ်လ်ဆုကြီးကိုပါ ချီးမြှင့်ခြင်းခံရပါတယ်။

ဆိုလိုချင်တာက လုပ်ငန်းတစ်ခုကို မှန်ကန်သောလုပ်ရပ်၊ ပြည့်ဝသောစေတနာတို့နဲ့ ဆောင်ရွက်ရင်မလွဲမသွေအောင်မြင်တယ်ဆိုတဲ့အချက်ပါ။ မှန်ကန်သော လုပ်ရပ်လို့ဆိုရာမှာ အမှန်ချေးငွေလိုအပ်မည့်သူ၊ အမှန်ချေးငွေချပေးသင့်သည့်သူ၊ ချေးငွေကို အမှန်ပြန်လည်ပေးဆပ်လိုစိတ်ရှိသူစသည်များကို ချေးငွေပေးတဲ့ တာဝန်ရှိသူများက သမာသမတ်ကျစွာ စိစစ်ရွေးချယ်ပေးဖို့ လိုအပ်လှပါတယ်။

ငွေချေးယူသူများအပိုင်းကလည်း ချေးငွေကိုမှန်ကန်ထိရောက်စွာ သုံးစွဲဖို့လိုပါတယ်။ ရရှိတဲ့ချေးငွေကို မိမိရဲ့လုပ်ငန်းမှာ ရင်းနှီးမှုမပြုဘဲ လောင်းကစား၊ အပျော်အပါးများနဲ့ တစ်ဆင့်ခံအတိုးကြီးနဲ့ ပြန်ချေးကြတာမျိုးဆိုရင် ခုတ်ရာတခြား၊ ရှရာတလွဲဖြစ်ပြီး ပေးကားပေး၏မရ. . . ဆိုတာမျိုးလို အကျိုးမရှိဖြစ်တတ်ပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတွေ စာရင်းမှာ မိရိုးဖလာချမ်းသာသူတွေထက် ကိုယ်ထူးကိုယ်ချွန်သမားတွေက ပိုပြီးများတာကို တွေ့ရပါတယ်။ ကမ္ဘာ့နံပါတ်တစ် သူဌေးကြီး ဘီလ်ဂိတ်ရဲ့ အဆိုအမိန့်ကလည်း အထူးမှတ်သားစရာပါ။

"ဆင်းဆင်းရဲရဲဘဝနဲ့ မွေးဖွားလာရတာ မင်းအပြစ်မဟုတ်ပါဘူးတဲ့။ ဆင်းဆင်းရဲရဲဘဝနဲ့ သေဆုံးသွားရရင်တော့ မင်းအပြစ်ပဲဖြစ်တယ်တဲ့။"

နေရာဌာနအသီးသီးမှာ နေထိုင်ကြတဲ့ မည်သည့်လူမျိုးမဆို ဆင်းရဲခြင်းဒုက္ခကို ကြောက်ကြသူတွေချည်းပါ။ မြန်မာလူမျိုးတွေဟာ ကောင်းမှုကုသိုလ်ပြုပြီးနောက် ဆုတောင်းကြရာမှာ ဆင်းရဲနဲ့ ငရဲကင်းရပါလို၏လို့ ဆုတောင်းလေ့ရှိကြပါတယ်။ ဆင်းရဲခြင်းကို ငရဲကျမှာနဲ့ ထပ်တူကြောက်ကြတာပါ။ သေရမှာထက် ဆင်းရဲမှာကို ပိုပြီးကြောက်ကြပါတယ်။ အားကောင်းမောင်းသန်အရွယ်ကောင်း လူငယ်လူရွယ်တွေ အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်ကြမ်းလုပ်ဖို့ နေ့စဉ်ထွက်ခွာနေတယ်ဆိုတဲ့ သတင်းတွေ တွေ့မြင်ဖတ်ရှုနေရတာ အင်မတန်မှ ရင်နာဖွယ်မြင်ကွင်းတွေ ဖြစ်ပါတယ်။

အဲဒါကြောင့် ကူပေးမည့်၊ ထူပေးမည့် အခွင့်အရေးများ ရရှိလာချိန်မှာ ခံယူသူများအနေနဲ့ ဆင်းရဲတွင်းက လွတ်မြောက်ရန် ပြင်းပြသောဆန္ဒ၊ ခိုင်မာသောသန္နိဋ္ဌာန်များ ချမှတ်ပြီး ကြိုးစားဆောင်ရွက်သင့်လှပါတယ်။ ကိုယ်ကြိုးစားရင်ကြိုးစားသလောက် ကောင်းကျိုးခံစားရခြင်းဟာ မှန်ကန်ချက်တစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ပရဟိတစိတ် ပြင်းပြစွာရှိတဲ့ လူမျိုးစုများ မှီတင်းနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ မိမိတိုင်း၊ နိုင်ငံ ကမ္ဘာ့အလယ်မှာ ထည်ဝါစေဖို့နဲ့ မိမိသွေးချင်းများ ဆင်းရဲတွင်းက လွတ်မြောက်ကြစေဖို့ အရေးမှာ အစိုးရတာဝန်တစ်ခုတည်းလို့ မခံယူကြဘဲ သက်ဆိုင်ရာဒေသခံများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့အစည်းများကပါ Stakeholder များအဖြစ် မိမိတို့ အသိတရားများဖြင့် ခံယူပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းလက်တွဲပြီး ပါဝင်ဆောင်ရွက်သင့်လှပါကြောင်း နှိုးဆော်တင်ပြအပ်ပါသည်။ ။

ဆားခါးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာ၌ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ယင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ လျှပ်စစ်ခွဲရုံရှေ့၌ ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီခွဲက ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြင်းခြံမြို့ သံမဏိစက်ရုံမှူး ဦးအေးဝင်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်စိုး၊ ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဆားခါးကျေးရွာ ရွှေကျောင်းဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဓမ္မာရုံတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်စိုးက ဆားခါးကျေးရွာ လျှပ်စစ်မီးရရှိသဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အားကို မြင်းခြံ သံမဏိစက်ရုံမှ အရှည်ပေ ၁၂၀၀ သွယ်တန်းရယူထားကြောင်း သိရသည်။ ဆားခါးကျေးရွာတွင် အိမ်ခြေ ၃၁၅ အိမ်ရှိပြီး ယခုအခါ လျှပ်စစ်မီးရယူအသုံးပြုသည့် အိမ်ခြေ ၂၀၂ လုံးရှိရာ မီးလင်းရေးအတွက် ကုန်ကျငွေ စုစုပေါင်းသိန်း ၆၂၀ ကျော် ကုန်ကျပြီး ထပ်မံတိုးချဲ့နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

UNITED GP

Sale Executives M / F (10) post

Property Sale Training

CV Form

✻ ပြည်သူ့လွှတ်တော်မှ

နေရာဒေသအသီးသီး၌ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီက စားသုံးသူ/သုံးစွဲသူကို ထိခိုက်စေသောကိစ္စရပ်များကို ကာကွယ်ရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အရပ်ရပ်ကောက်ခံရရှိမှုနှင့် အခြားကိစ္စရပ်များ နစ်နာမှုမရှိစေရေးအတွက် စီမံချက်အဆင့်(၃)ဆင့်ရေးဆွဲပြီး တစ်နိုင်ငံလုံး ဟန်ချက်ညီညီ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းအနီးတစ်ဝိုက် ကုန်သွယ်မှုပြုရာ လမ်းကြောင်းများတစ်လျှောက်နှင့် ပြည်တွင်းကမ်းရိုးတန်းသွားဆိပ်ကမ်းများတွင် စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များနှင့် လှုပ်ရှားအဖွဲ့များ(Mobile Team)နှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်လမ်းကြောင်း ဝင်/ထွက်ပေါက်များကို Mobile Team အဖွဲ့များဖြင့် ဆောင်ရွက်ရန်စီစဉ်ထားပါကြောင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် လက်လီလက်ကား ရောင်းချနေသည့် Shopping Mall နှင့် အရောင်းစင်တာများမှာ အခွန်အရပ်ရပ် တိမ်းရှောင်မှုမရှိစေရေးနှင့် စားသုံးသူအကာအကွယ် ပေးရေးအတွက် ကုန်စည်များကို ဥပဒေနှင့်အညီ လိုက်လံစစ်ဆေးအရေးယူဆောင်ရွက်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားပါကြောင်း။

ကုန်ပစ္စည်းများသိုလှောင်သည့်နေရာများမှာ လေကြောင်း၊ ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းမှ တစ်ဆင့်ဝင်ရောက်လာသော တရားမဝင်ကုန်ပစ္စည်းများကို သိုလှောင်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်းကို တွေ့ရှိရပါက Mobile Team အဖွဲ့များဖြင့် စစ်ဆေးတားဆီးထိန်းချုပ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး သတင်းပေးတိုင်ကြားပါကလည်း အချိန်တိုအတွင်း တရားမဝင်ကုန်ပစ္စည်းများ သိုလှောင်သည့် နေရာကို သွားရောက်စစ်ဆေးဖော်ထုတ်ပြီး ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုပမာဏတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့် နယ်စပ်ကုန်သွယ်မှုတွင် တရားမဝင်ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၃၁ ရက်ထိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရရှိမှုခန့်မှန်းတန်ဖိုး ကျပ် (၁၀ ဒသမ ၅၈၈)ဘီလီယံခန့် ရရှိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိသည့် တရားမဝင်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး လေလံတင်ရောင်းရငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေတို့ကို ပေးသွင်းရပါကြောင်း၊ ဖမ်းဆီးရမိသည့်အခါ ပစ္စည်းပိုင်ရှင်နှင့် ကုန်သည်များအား မည်ကဲ့သို့အရေးယူ ဆောင်ရွက်ထားမှုနှင့်

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း မေးမြန်းစဉ်။
(သတင်းစဉ်)

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းစဉ်။
(သတင်းစဉ်)

စပ်လျဉ်း၍ ပင်လယ်ကြောင်း အကောက်ခွန် ဥပဒေအရပစ္စည်းကိုသာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ပို့ကုန်သွင်းကုန်ဥပဒေအပြင် ပင်လယ်ကြောင်းအကောက်ခွန်ဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှု (၈၀)ရာခိုင်နှုန်းရှိသော ပင်လယ်ရေကြောင်းကုန်သွယ်မှုစွမ်းဆောင်နိုင်မှုအပေါ် တန်ဖိုးအားဖြင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှာ Mobile Team နှင့်စစ်ဆေးရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆဲဖြစ်၍ လတ်တလော ဝင်ရောက်စစ်ဆေးမှုမရှိသေးပါကြောင်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် ပင်လယ်ပြင်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန(၂)ခု ပူးပေါင်း၍ ရန်ကုန်မြစ်၊ ပင်လယ်ဝနှင့် ကမ်းရိုးတန်းသွား ပြည်တွင်းသင်္ဘော၊ စက်လှေများဆိုက်ကပ်ရာ ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများမှာ ပူးပေါင်းဆောင်ရွက်နေကြောင်း။

ပင်လယ်ပြင်တွင် ဖမ်းဆီးကာကွယ်နိုင်ရန်အတွက် Mobile Team အဖွဲ့အနေဖြင့် ဖွဲ့စည်းခွင့်ပြုပြီးဖြစ်သည့် ရေကြောင်းရဲတပ်ဖွဲ့သုံးခုနှင့် ရေကြောင်း ရဲတပ်ဖွဲ့စု ၈ စုတို့၌ ရေယာဉ်နှင့် တပ်ဖွဲ့ဝင်အင်အားများ တပ်ဆင် ခန့်အပ်ပြီးပါက Mobile Team များအတွက် အမှန်တကယ်ထိရောက်ပြီး ကာကွယ်မှုပေးနိုင်မည့် အပြင် ပင်လယ်ပြင်၌လည်း ဖမ်းဆီးကာကွယ်မှုများ ပြုလုပ်သွားမှာဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **ဝါးတန်းဆန်စပါးကုန်စည်ဒိုင်အား နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင်**(Commodity Exchange Center) **အဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ခွင့်ပြုရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က နိုင်ငံတကာမှ ကုမ္ပဏီများ၊ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့များသည် မြန်မာနိုင်ငံနှင့် ဆန်ကုန်သွယ်မှုပြုရန်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်များအတွင်း လေ့လာခြင်း၊ ဆွေးနွေးခြင်းများဆောင်ရွက်ရန်နှင့်ပတ်သက်၍ နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ ကုန်စည်ဒိုင် (Commodity Exchange Center) တည်ဆောက်ဖွင့်လှစ်ရန်မှာ အမှန်ပင်လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ဆိပ်ကမ်းနယ်မြေအတွင်းရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါး လက်ကားကုန်စည်ဒိုင် (ဝါးတန်း)အား နိုင်ငံတကာအဆင့်မီ ကုန်စည်ဒိုင်အဖြစ် အဆင့်မြှင့်တင်မည့် အစီအစဉ်သည် ဆောင်ရွက်သင့်သော အစီအစဉ်ဖြစ်ပါကြောင်း။

ဆိပ်ကမ်းနယ်မြေတွင် ဖွင့်လှစ်ထားရှိသော ဝါးတန်းဆန်စပါးကုန်စည်ဒိုင်နေရာ အပါအဝင် စဉ့်အိုးတန်းလမ်းမှ ရွှာသစ်ချောင်းလမ်းအထိ တည်ရှိသောဆိပ်ကမ်း ဧရိယာတစ်ခုလုံးသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် Port Master Plan ၌ ပါဝင်လျက်ရှိသည့်အတွက် လက်ရှိသိုလှောင်ရုံအား နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင်(Commodity Exchange Center)အဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ခွင့်ပြုရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း၊ ခေတ်မီဆန်စပါးကုန်စည်ဒိုင် အဆောက်အအုံအား မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက BOT စနစ်ဖြင့် ရင်းနှီးမြှုပ်နှံတည်ဆောက်ပြီး တည်ဆဲရင်းနှီးမြှုပ်နှံမှုအစီအစဉ်များအတိုင်း လွှဲပြောင်းသုံးစွဲဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ Port Master Plan အရ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်သည့်အခါ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူသည့်အချိန်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

❖ အမျိုးသားလွှတ်တော်မှ

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏ နေရာအနှံ့အပြား၌ ရှိခြင်းကြောင့် ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည့်အပြင် မလိုလားအပ်သည့် မြို့ပြချဲ့ထွင်မှုကိုလည်း တားဆီးပေးနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစေပါကြောင်း၊ မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် အရင်းအနှီး နည်းပါးခြင်း၊ ပံ့ပိုးကူညီသည့်အဖွဲ့အစည်းနည်းပါးခြင်း၊ နည်းပညာ၊ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက် ရရှိမှုနည်းပါးခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကို ရင်ဆိုင်နေရပါကြောင်း။

ထို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို အမြန်ဆုံးဖန်တီးပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခု ရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)တွင် အခန်း(၁၄)ခန်း၊ ပုဒ်မ(၃၅)ခုပါဝင်ပါကြောင်း၊ ဤဥပဒေကို နိုင်ငံတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ဝင်ငွေများများ ရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပ ဈေးကွက်သို့ လက်လှမ်းမီနိုင်ရန်ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဤဥပဒေကို အကောင်အထည်ဖော်နိုင်ရန်နှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ အကြံပေးအဖွဲ့၊ အေဂျင်စီ (ရုံးခွဲ)များ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့နှင့် One Stop Service Center တို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေအတည်ပြု ပြဋ္ဌာန်းပြီးပါက ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့် အိမ်တွင်းစက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေတို့ကို လွှမ်းမိုးစေမည်ဖြစ်ပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"လာမည့် ပညာသင်ကာလတွင် အခြေခံအဆင့်ကျောင်းများ၏ သင်ရိုးကိုပြောင်းလဲရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်းများနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ပေးနိုင်ရေးအတွက် ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစပြီး အခြေခံပညာမူလတန်းအဆင့်တွင် သိပ္ပံဘာသာရပ်၊ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၊ ဘဝတွက်တာ ကျွမ်းကျင်စရာ (ကျန်းမာရေး အသိပညာပေးဘာသာရပ်)တို့ကို တိုးချဲ့ထည့်သွင်းသင်ကြားပေးခဲ့ပါကြောင်း၊ ၂၀၀၀-၂၀၀၁ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့်တွင် လည်းကောင်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့်တွင် လည်းကောင်း ကာယပညာနှင့်အားကစား၊ ရသပညာ(ပန်းချီ၊ ဂီတ)၊ စာရိတ္တနှင့် လောကနီတိ၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်၊ ကြိုသက်မွေး(စက်မှု၊ စိုက်ပျိုး၊ အိမ်တွင်းမှု) ဘာသာရပ်များကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်များအနေဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် မေးမြန်းစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။
(သတင်းစဉ်)

၂၀၀၆ ခုနှစ် ဧပြီလတွင် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲနှင့် ဘာသာရပ်အလိုက် သင်ရိုးမာတိကာများနှင့် သင်ခန်းစာများ မွမ်းမံရေးဆွဲ ဆောင်ရွက်ခဲ့ပြီး အဆင့်မြှင့်တင်ရေးဆွဲထားသည့် ကျောင်းသုံးစာအုပ်များရိုက်နှိပ်၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစ၍ သင်ကြားပေးလျက်ရှိပါကြောင်း။

လက်ရှိသင်ကြားနေသည့် အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ၊ ကျောင်းသုံးစာအုပ်များတွင် ပါဝင်သော သင်ခန်းစာများနှင့်စပ်လျဉ်းပြီး အခြေခံပညာ ကျောင်းသားများအတွက် လေ့လာသင့်သည့် ပမာဏထက် ပိုမိုများပြားနေမှုများကို စိစစ်၍ အရည်အသွေးမထိခိုက်စေဘဲ မူလတန်းအဆင့်တွင်(၂၀)ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်တွင် (၁၁)ရာခိုင်နှုန်း၊ အထက်တန်းအဆင့်တွင် (၁၁)ရာခိုင်နှုန်း လျှော့ချပြုပြင်ထားသည့် သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းသုံး ဖတ်စာအုပ်များကို အသုံးပြု၍ အခြေခံပညာကျောင်းသားများအတွက် လေ့လာဆွေးနွေးချိန် ပိုမိုရရှိအောင် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ သင်ရိုးပြုပြင်ထားသည့် ဖတ်စာအုပ်များဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီး သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အခြေခံပညာအဆင့်ကျောင်းများ၏သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ပြောင်းလဲရေးဆွဲပြီးဖြစ်သဖြင့် အကြံပြုထားသည့်အတိုင်း "နည်းနည်းသင်၊ များများလေ့လာ" သဘောတရားကို အခြေခံပြီး ကျောင်းသားများကိုယ်တိုင် များများလေ့လာသင်ယူနိုင်သော နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိသည့် သင်ခန်းစာများပါဝင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ပုဏ္ဏားကျွန်းမြို့နယ်နှင့် စက်မှုဇုန်ရှိရာ ဦးရာဇ်တောင်ဘက်ကမ်းကို ဆက်သွယ်ပေးမည့် ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဦးရာဇ်တောင် ဘုရားကြီးတောင်ခြေရှိ သစ်သားကြိုးတံတားအား ကြံ့ခိုင်မှုရှိစေရန်အတွက် လိုအပ်သောအပိုင်း ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများအတွက် ငွေကျပ်(၂၅)သန်းအား ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အတွက် ပြည်နယ်ဖွံ့ဖြိုးရေးစီမံကိန်းတွင် ဦးစားပေးအစီအစဉ်အတိုင်း ဘတ်ဂျက်တွင်ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော် ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာ၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ သန်းခေါင်စာရင်းဆိုင်ရာ အကြံပေး Mr. Frebrick Okwayo နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်း ကရင်တိုင်းရင်းသားအများစု နေထိုင်သော ဘန့်ဘားကျေးရွာအုပ်စု အတွင်းရှိ ဆိတ်ဖူးတောင်၊ အောင်ဘိသိတ်၊ လက်ဘက်တောင်၊ သံမရဲနှင့် သုံးခွတော၊ ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကိုးရွာ၊ နန်းလွင်ဆန်းနှင့် ပြဒါးချောင်း၊ ဘိုးမကျေးရွာအုပ်စုအတွင်းရှိ ဘိုးမသံခေါင်၊ ဘိုးမကန့်ဖာလာ၊ ဘိုးမအထက်နှင့် ဘိုးမအောက်၊ သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ မြလင်းနှင့် မြသာကျေးရွာများမှ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း အင်အား ၃၀၀ ကျော် တက်ရောက်ကြပြီး ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ တိကျမှန်ကန်သောလူဦးရေ ကိန်းဂဏန်းအချက်များရရှိမှသာ စီမံကိန်းများ တိကျထိရောက်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားကြရန် အရေးကြီးပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သည့် အမျိုးသားရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ ပြည်သူအားလုံးက သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ သန်းခေါင်စာရင်းဆိုင်ရာ အကြံပေး Mr. Frebrick Okwayo က မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအပေါ် UNFPA မှ ပံ့ပိုးကူညီမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သန်းခေါင်စာရင်းဆိုင်ရာ အမှတ်တရပစ္စည်းများကို အသီးသီး ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးက တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ပြန်လည်ဖြေဆိုနိုင်ကြသူများအား သန်းခေါင်စာရင်းဆိုင်ရာ အမှတ်တရပစ္စည်းများကို ဂုဏ်ပြုပေးအပ်**(အပေါ်ပုံ)**ပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် သင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၃

UNESCO International Institute of Educational Planning (IIEP) Training Course 1: Education Planning in the Context of Decentralization in Public Sector Management ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရွှေင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စီမံကိန်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကန်အနောက်ရွာရှိ ပုဂံခေတ်ဦးအနော်ရထာမင်းလက်ထက်က တည်ဆောက်ခဲ့သော **"ရှေးဟောင်းထီးလှိုင်ကန်ပြန်လည်ပြုပြင်ခြင်း စီမံကိန်းလုပ်ငန်းခွင်" (အောက်ပုံ)**ကို ကြည့်ရှုစစ်ဆေးသည်။

ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်က ရှေးနှစ်ပေါင်းများစွာကပင် နှစ်စဉ် သဲနုန်းပို့ချမှုများလာပြီး တိမ်ကောနေသည့် ထီးလှိုင်ကန်ကြီးအား ပြန်လည်ပြုပြင်တူးဖော်ပေးသည့်အတွက် ဒေသနေပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဤဒေသသည် မိုးနည်းသဖြင့် တစ်နှစ်လျှင် တစ်သီးသာ အနိုင်နိုင်စိုက်ပျိုးနေရသော ဒေသဖြစ်ပါကြောင်း၊ သောက်သုံးရေရှားပါးခက်ခဲပါကြောင်း၊ မိုးနည်းရေရှားသည့် ဝမ်းတွင်းမြို့နယ်ရှိ ဒေသခံများအနေဖြင့် ရွှေကိုမလို ရေကိုလိုသည်ဆိုသည့် စကားအတိုင်း စိုက်ပျိုးရေကိုသာမက သောက်သုံးရေဖူလုံစေပြီး ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေတော့မည့်အတွက် ဒေသခံပြည်သူများက အထူးဝမ်းမြောက်ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားပြီး ထီးလှိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလွန်းမောင်၊ ရပ်မိရပ်ဖ ဒေါ်လှသွယ်၊ ဒေါ်မြင့်ကြည်၊ ဒေါ်ရွှေခင်နှင့် ဦးဖြူဝင်းတို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံများနှင့်အတူ စက်ယန္တရားကြီးများဖြင့် အလျားပေ ၉၇၀၀ နှင့် အမြင့်ပေ ၂၀၊ အကျယ် ပေ ၂၀ ရှိ တမံကြီးပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုကြပြီး စက်ယန္တရားမောင်းဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြင်းခြံမြို့နယ် ဆိတ်ညံလျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ရေပေးမြောင်းတစ်လျှောက် ရေစီးဆင်းနေမှု၊ တောင်သာမြို့နယ် ဆင်တဲဝချောင်း မြေနုကျွန်းသဲသောင်များ၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၄ နာရီတွင် တောင်သာမြို့နယ် ကန်မြကျေးရွာ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ သောက်သုံးရေရရှိရေးနှင့်စိုက်ပျိုးရေရရှိရေးအတွက် ထိထိရောက်ရောက် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့သည် ဇဂျမ်းကျေးရွာအနီး ဇဂျမ်း-ကန်မြကန်အတွက် ရေဖြည့်ဆည်း သို့လှောင်ရန် **"သစ်ရိုက်၊ ကျောက်ဖြည့်ရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဇဂျမ်းကျေးရွာအုပ်စု ကျောင်းအိုကျေးရွာမူလတန်းကျောင်း၌ ကျေးရွာသောက်သုံးရေရရှိရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ မြေအောက်ရေတွင်းတူးစက်ကြီးဖြင့် အနက်ပေ ၈၀၀ အထိ တူးဖော်နေမှု"**တို့ကို ကြည့်ရှုအားပေးကြသည်။

ဇဂျမ်း-ကန်မြကန်၏ လက်ရှိရေသိုလှောင်နိုင်မှုမှာ ဂါလန် ၁၄၆ သိန်းသာရှိ၍ ကန်တွင်းမှ သဲနုန်းများကို စက်ယန္တရားကြီးကိုးစီးဖြင့် တူးဖော်ပြုပြင်လျက်ရှိရာ ပြီးစီးပါက ကျေးရွာအတွင်းရှိ အိမ်ထောင်စုပေါင်း ၂၁၃၀ အတွက် သောက်သုံးရေဖူလုံပြီး ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေပါဖူလုံမည်ဖြစ်ကြောင်း၊ ရေပြည့်သိုလှောင်နိုင်သော ပမာဏ ဧကပေ ၂၀၀ နှင့်ရေဂါလန်ပေါင်း ၄၀၅ သိန်းအထိ သိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဇဂျမ်း-ကန်မြကျေးရွာအုပ်စု သောက်သုံးရေရရှိရေးအတွက် မြေအောက်စက်ရေတွင်း တူးဖော်နေသော လုပ်ငန်းခွင်သို့သွားရောက်ပြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ခေတ်မီမြေအောက်ရေတွင်းတူးစက်ကြီး ရှစ်စီးရောက်ရှိတူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ တူးဖော်ပြီးပါက ရေကောင်းရေသန့်တစ်နာရီ ဂါလန် ၁၀၀၀ မှ ၁၅၀၀၀ ထွက်ရှိမည့်လုပ်ငန်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နတ်စောင့်ကျေးရွာအနီး နန္ဒင်းဝချောင်း မြေနုကျွန်းသဲသောင်မြေများ၌ စားဖိုဆောင်သီးနှံ ကြက်သွန်သီးနှံများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုပြီး ဈေးကွက်ဝင် ဝင်ငွေရ၊ တွက်ခြေကိုက်မည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးရေးနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်လုပ်ငန်းများ ကျေးရွာအရောက် ပညာပေးရေး၊ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် မိမိဇာတိနယ်မြေမွေးရပ်မြေကဲ့သို့ခံယူကြပြီး လုပ်ငန်းတာဝန်များအပေါ် စေတနာအပြည့်အဝဖြင့် အရည်အသွေး (Quality) ပြည့်မီကောင်းမွန်ရေး၊ အချိန်ကိုက်ပြီးစီးရေး အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ရွှေဖုံးမှ

စီးပွားရေးဇုန်တစ်ခု ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) ကို အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ စီမံကိန်း၏ စိတ်ကူးအစီအစဉ်ကို တိုင်ပင်ရေးဆွဲသည့်အချိန်မှ ယခုအချိန်ထိ သက်ဆိုင်သူများ ပါဝင်နိုင်သည့် နည်းလမ်း၊ ပြည်သူလူထု၏သဘောထားကို အခြေခံသည့်နည်းလမ်း၊ သက်ဆိုင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့် နည်းလမ်း၊ ပွင့်လင်းမြင်သာသည့် နည်းလမ်း၊ တာဝန်ခံနိုင်သည့် နည်းလမ်းများကိုသုံးကာ ၂၀၁၄ ခုနှစ် မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဒေသခံလူထု၏ လူမှုဘဝအပေါ် သက်ရောက်မှုများကို စနစ်တကျ ဆန်းစစ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်များကို ဆွေးနွေးမေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အဖွဲ့သည် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရွှေသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစခန်း (OGT) သို့ ရောက်ရှိသည်။

စက်ရုံရှင်းလင်းဆောင်၌ OGT တာဝန်ခံက လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှုနှင့် ဒေသခံများအား အလုပ်အကိုင် ခန့်ထားပေးနိုင်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးနိုင်မှုတို့ကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ အလေးအနက်ထားဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားပြီး သဘာဝဓာတ်ငွေ့သန့်စင်ထုတ်လုပ်မှုလုပ်ငန်းများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကျောက်ဖြူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစခန်းသို့ ရောက်ရှိရာ CNPC တာဝန်ခံက သဘာဝဓာတ်ငွေ့များလက်ခံဖြန့်ဖြူးပို့ဆောင်ပေးနေမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူမြို့ ၅၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကျောက်ဖြူမြို့ ရေယာဉ်ကြီးများဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားအမှတ်(၁) တည်ဆောက်ပြီးစီးမှုနှင့် ဒေသခံလှေငယ်များ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားအမှတ်(၃)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကျောက်ဖြူမြို့ မြို့ပြလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖြူလေဆိပ်ဧည့်ခန်းမ၌ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ရှင်းလင်းမှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်ဖြင့် ကျောက်ဖြူမြို့မှ မြောက်ဦးမြို့သို့ ရောက်ရှိကြပြီး မြောက်ဦးဟိုတယ် အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတက ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်း၍ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း၊

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုသည်များစွာ အရေးကြီးသောကြောင့် အားလုံးက မိမိတို့ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်မည့် စီမံကိန်းမြေနေရာကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

○ ဧရာဝတီမြစ်စဉ်မှ

နိုင်ငံနဲ့ လူမျိုးအတွက် လိုအပ်တဲ့ အချိန်၊ အထူးသဖြင့် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်မယ့် ဒီလိုအချိန်မျိုးမှာ နိုင်ငံ့ရဲ့အဓိက အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီးရဲ့ အချက်အလက်အမှန်တွေကိုရရှိနိုင်ဖို့က အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီလိုအချက်အလက်မှန်တွေကို ရရှိနိုင်ဖို့အတွက် အမျိုးသားရေး တာဝန်တစ်ရပ်လို သတ်မှတ်ပြီး ပညာရပ်ပေါင်းစုံက ကျွမ်းကျင်တဲ့ပညာရှင်တွေ၊ သုတေသီတွေ စုပေါင်းပြီး ကော်မရှင်တစ်ခု ဒါမှမဟုတ် အာဏာပိုင်အဖွဲ့တစ်ခု ဖွဲ့ပြီး Data Bank တစ်ခုအနေနဲ့ အသုံးပြုနိုင်အောင် အချက်အလက်တွေ စုဆောင်းသင့်ပါတယ်"ဟု ရန်ကုန်အဝေးသင်တက္ကသိုလ်၏ တာဝန်ခံပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး မြန်မာနိုင်ငံ ပထဝီဝင်အသင်းဥက္ကဋ္ဌ တာဝန်ကိုပါ ထမ်းဆောင်နေသူ ပါမောက္ခ ဦးမောင်မောင်အေးက ပြောသည်။

ဧရာဝတီမြစ်ဝှမ်းဒေသကြီးတစ်ခုလုံးကိုသာမက ဧရာဝတီမြစ်နှင့်တကွ ၎င်းမြစ်အတွင်းသို့ အဘက်ဘက်မှ စီးဝင်ပေါင်းဆုံကြသော မြစ်လက်တက်များ၊ ချောင်းလက်တက်များ၊ မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ခွဲ၊ ချောင်းခွဲများနှင့်တကွ ၎င်းတို့၏ ရေဆင်းနယ်များပါ ပါဝင်သော ဧရာဝတီမြစ်စဉ်စု (Ayeyarwady River System) တစ်ခုလုံးနှင့် စပ်လျဉ်းသော ပထဝီဝင်ဆိုင်ရာဖြစ်စဉ်များ၊ ဘူမိဗေဒဆိုင်ရာဖြစ်စဉ်များ၊ ဘူမိရုပ်သွင်၊ မိုးလေဝသနှင့် ဇလဗေဒ၊ ဇီဝဗေဒ၊ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်စဉ်များစသည့် ရူပဖြစ်စဉ်များအားလုံးကို သာမက လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာပညာရှင်များ၊ သုတေသီများက သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုများကို စဉ်ဆက်မပြတ် ပြုလုပ်သွားသင့်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ မြောက်ဘက် ကချင်ပြည်နယ်တွင် မေခနှင့် မလိခမြစ်နှစ်စင်းပေါင်းဆုံရာတွင် မြစ်ဖျားခံကာ အစပြု၍ မြောက်မှ တောင်သို့ သွယ်တန်းစီးဆင်းပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မြစ်ခွဲ၊ ချောင်းခွဲများဖြင့် ခွဲဖြာကာ ပင်လယ်အတွင်းသို့ စီးဝင်သည့် ၁၃၄၈ မိုင် အရှည်ရှိသည့် မြန်မာနိုင်ငံ၏ အရှည်လျားဆုံးနှင့် အားထားရဆုံးမြစ်ကြီးဖြစ်ပြီး မြစ်စဉ်စု ရေဆင်းဧရိယာမှာ မြန်မာနိုင်ငံ၏ ၅၈ ရာခိုင်နှုန်းရှိသော မြစ်ကြီးဖြစ်ကြောင်း သိရသည်။

(သီဟသူ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၀) ရပ်ကွက် အောင်ဗောဓိဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ အနောက်ဘက် မုခ်ဦးအတွက် အလှူငွေကျပ် ၅၈ သိန်းကို အလှူရှင် ဦးအောင်မြင့်-ဒေါ်စိမ်းစိမ်းရောင်ခြည် ဖုန်းရောင်းဝယ်ရေးလုပ်ငန်းက လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)နှင့်အဖွဲ့ကလက်ခံစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စာအောင်ဆုနှင်းသဘင် တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းသည် ဖေဖော်ဝါရီ ၂ ရက်တွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည့် (၇၅)ကြိမ်မြောက် ဝိနယတံခွန် ပရိယတ္တိအခြေပြုစာမေးပွဲအောင်ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်၍ စာအောင်သံဃာတော်များနှင့် ပထမရရှိသော စာအောင်သံဃာတော်များအားလည်းကောင်း၊ အလှူရှင်များက ဒုတိယ၊ တတိယ အထူးအောင် သံဃာတော်များအားလည်းကောင်း အောင်လက်မှတ်များဆက်ကပ်လှူဒါန်းသည်။

(၇၅)ကြိမ်မြောက် ဝိနယတံခွန် ပရိယတ္တိအခြေပြုစာမေးပွဲတွင် သံဃာတော်အပါး ၂၀၁၈ ပါး ဝင်ရောက်ဖြေဆိုပြီး ၆၅၉ ပါး အောင်မြင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် ရေစီးရေလာကောင်းမွန်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကနောင်ခန်းမ၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်မြို့နယ် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် ဆိပ်ကမ်း)မြို့နယ်များမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ရေစီးရေလာကောင်းမွန်ရေးလိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော စက်ယန္တရားနှင့် ငွေကြေး လိုအပ်ချက်များ အသေးစိတ်တိုင်းတာတွက်ချက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၄-၂-၂၀၁၄ (အင်္ဂါနေ့)

- ၅:၄၀ "ကြောင်းကျိုးသိကကျိုးများလှ" တရားတော် (ဒုတိယပိုင်း) [မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ]
- ၉:၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၇၂)
- ၁၂:၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၃၀)
- **၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၈၉)**
- **၈:၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ (မိသားစုစီမံကိန်းနှင့် သားဆက်ခြားနည်းများ) (အပိုင်း-၃)**
- **၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၇၃)**
- **၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၃၁)**

ကမ္ဘောဇဘဏ်လီမိတက် မိုးကောင်းဘဏ်ခွဲ စတင်ဖွင့်လှစ်

မိုးကောင်း ဖေဖော်ဝါရီ ၃

မြန်မာတိုင်းရင်းသားပိုင် ကမ္ဘောဇဘဏ်လီမိတက်၏ ၁၄၁ ခုမြောက်ဘဏ်ခွဲဖြစ်သော မိုးကောင်းဘဏ်ခွဲ**(ယာပုံ)**ကို ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ အမှတ်(ဈ/၉၂-က) ပြည်ထောင်စုလမ်းမကြီး ၄/ကျောင်းရပ် ဈေးကုန်းရပ်ကွက်တွင် ဇန်နဝါရီ ၃၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီး အဓိကငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အပ်ငွေအမျိုးမျိုးလက်ခံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်း၊ မှန်ကန်မြန်ဆန်စွာ ငွေလွှဲပို့နိုင်ခြင်းနှင့် လွှဲပို့ငွေများ ထုတ်ပေးခြင်း၊ ငွေပေးအမိန့်လက်မှတ်၊ ဘဏ်အာမခံချက်နှင့် Gift Cheque ဝန်ဆောင်မှုများ ရောင်းချပေးခြင်း စသော ပြည်တွင်းဘဏ်လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာငွေလွှဲလုပ်ငန်းဖြစ်သော Western Union, Remittance House များနှင့် နိုင်ငံတကာရှိ ချိတ်ဆက်ဘဏ်များမှတစ်ဆင့် ကမ္ဘောဇဘဏ်ခွဲများအားလုံးသို့ တိုက်ရိုက်ငွေကြေးလွှဲပြောင်းနိုင်ပြီဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံရှိ အမြန်ချောပို့လုပ်ငန်း Sing Post နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့၏ အပြန်အလှန် ငွေလွှဲဝန်ဆောင်မှုလည်းစတင်နေပြီဖြစ်ကြောင်း၊ အထူးဝန်ဆောင်မှုအနေဖြင့် Customer ကိုယ်တိုင်ဆောင်ရွက်နိုင်သော E-Registeration Service ကို ၁၃၃ ခုမြောက်ဘဏ်ခွဲဖြစ်သည့် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ဘဏ်ခွဲမှစ၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် ဘဏ်ခွဲသစ်များ ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကမ္ဘောဇဘဏ်လီမိတက်၏ ၁၃၉ ခုမြောက် ဘဏ်ခွဲဖြစ်သော လမ်းမတော်(၄)လမ်း ဘဏ်ခွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ အမှတ်(၁၁၂/၁၁၈) အနော်ရထာလမ်းနှင့် (၄)လမ်းထောင့် (၁) ရပ်ကွက် Great Wall Asia Condo တွင် ဇန်နဝါရီ ၂၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၄၀ ခုမြောက်ဘဏ်ခွဲဖြစ်သော မန္တလေး (၆၆)လမ်းဘဏ်ခွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၈၀၂) (၆၆) လမ်း (၂၆×၂၇)လမ်းကြား ပြည်ကြီးမျက်ရှင်ရပ်ကွက်တွင် ဇန်နဝါရီ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သီဟထွန်း)**

အမျိုးသား အမျိုးသမီး တန်းတူညီမျှရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးအပြည့်အဝရရှိခံစားနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုဝန်ထမ်းလုပ်ငန်းကြီး(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ် (၈)ရပ်ထဲမှ အဓိကကျသော အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်၍ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံအနေဖြင့်လည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအနေဖြင့်လည်းကောင်း၊ အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်များ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကော်မရှင်နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီတို့၏ တက်ကြွသောအဖွဲ့ဝင်အနေဖြင့် လည်းကောင်း၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရေး၊ အမျိုးသမီးများနှင့်ကလေးသူငယ်များ အခွင့်အရေးအပြည့်အဝရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတို့ကိုဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဆပ်ကော်မတီများအနေဖြင့် ပြည်သူလူထု၏တင်ပြတောင်းဆိုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အချင်းချင်းညှိနှိုင်းဖြေရှင်း၍ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းချိတ်ဆက်၍ လည်းကောင်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီနာယက၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ယနေ့မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများဖြစ်သော ဦးဘုန်းဆွေ၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဒေါက်တာဦးဘရွှေတို့က ဖြည့်စွက်ဆွေးနွေးကာ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ခင်ရင်းနှီးမှုနှင့် နီးကပ်စွာဆက်ဆံခွင့်ရရှိကြမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၃

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအား ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း ရွာတော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်၊ ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးမျိုးညွန့်က စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ဦးတည်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန်နီးကပ်စွာ ဆက်ဆံခွင့်ရရှိကြမည်ဖြစ်၍ မိမိတို့၏ယဉ်ကျေးမှုများကို အစွမ်းကုန် ဖော်ထုတ်ပြသကြရန်နှင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာ ပါဝင်ဆင်နွှဲကြရန်တို့ကို မှာကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမှတ်(၇) တည်းခိုရေးစခန်းရွာတော်၌ ဆပ်ကော်မတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက် ဖွင့်လှစ်ပေးထားမှု၊ ဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့်အိပ်ဆောင်များစီစဉ်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နိုင်ရေး၊ အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့တွေ့ဆုံပွဲအခမ်းအနားတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များအား GSMတယ်လီဖုန်းကတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**







တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးမြင့်လွင်၏သမီး [၁၄/ကလန(နိုင်)၀၈၄၇၆၅]ကိုင်ဆောင်ထားသူ မဇာကြည်မြင့်(ခ)မဇာခြည်မြင့်သည် တစ်ဦးတည်း ဖြစ်ကြောင်း။

ကရင်တိုင်းရင်းသားဘာသာစကား စာပေသင်ကြားပေးနေမှုများ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ကရင်တိုင်းရင်းသားဘာသာစကား စာပေသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်စသည့် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့မိမြို့ဖများနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တိုင်းရင်းသားဘာသာစကား စာပေသင်ကြားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှု၊ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းဆောင်ရွက်နေမှု၊ နိုင်ငံတော်မှ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးဝန်ထမ်းများခန့်အပ်ပေးနေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်က ညောင်လေးပင်မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ စကောကရင်တိုင်းရင်းသား ဘာသာစကားသင်ကြားပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခေတ္တပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ခေတ္တ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌လည်း ကရင်တိုင်းရင်းသား ဘာသာစကား သင်ကြားပေးနေမှုများကို အားပေး၍ ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများပေးအပ်ပြီး ဒေသခံများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ညောင်လေးပင်မြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း ၂၆ ကျောင်း၌ သင်ကြားသည့် ဆရာဆရာမ ၄၉ ဦးက ကျောင်းသားကျောင်းသူ ၁၂၄၃ ဦးအား စကောကရင်တိုင်းရင်းသားဘာသာစကား စာပေများသင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ EGATမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့ (ရုံးချုပ်)အစည်းအဝေးခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ Electricity Generating Authority of Thailand (EGAT) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားဖြန့်ဖြူးမှု ကဏ္ဍနှင့် ဓာတ်အားပို့လွှတ်မှုကဏ္ဍများ အဆင့်မြှင့်တင်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ EGAT မှ Assistant Governor Mr.Ataporn Vathanavisuth နှင့် Metropolitan Electricity Authority (MEA) မှ Deputy Governor Mr. Pichai Sanguanchaipaiwong နှင့် အဖွဲ့တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလက ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့ရာ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့်ကဏ္ဍများ ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ လျှပ်စစ်ဓာတ်အားကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရန်မှုအားဖြင့် သဘောတူခဲ့ပါကြောင်း၊ ရန်ကုန်မြို့တော်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးနှင့်ပတ်သက်၍ လာရောက် ကူညီပေးရန် ညှိနှိုင်းခဲ့သည့်အတိုင်း ယခုကဲ့သို့ လာရောက်ဆွေးနွေးပေးသဖြင့် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ EGAT နှင့် MEA တို့မှ ၎င်းတို့၏ ဓာတ်အားဖြန့်ဖြူးမှုစနစ်တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများ၊ နည်းလမ်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် Grid Code စနစ်တည်ဆောက်ရေးကိစ္စ၊ နည်းပညာဖလှယ်မည့် အစီအစဉ်များကိစ္စ၊ သင်တန်းများဖွင့်လှစ်ပို့ချမည့်ကိစ္စနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကယ်ချိန်းကြိုးနှင့် လုံချည်စညပ်၍ ပြုတ်ကျသေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၃

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၄/၁-၂) ကြားတွင် ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဆပ်ချောင်းကျေးရွာနေ မောင်ချို(၃၂) နှစ် မောင်းနှင်ပြီး မင်းကုန်းကျေးရွာနေ ဒေါ်ငွေး (၅၂) နှစ်လိုက်ပါလာသည့် ၃ဝယ/--- ဟွန်ဒါနက်ပြာရောင်ဆိုင်ကယ်အား မောင်းနှင်လာစဉ်ဒေါ်ငွေး၏ လုံချည်စနှင့် ဆိုင်ကယ်ချိန်းကြိုးညပ်ပြီး ဒေါ်ငွေးမှာ လမ်းပေါ်သို့ ပြုတ်ကျသွားသည်။ ထိုသို့ပြုတ်ကျမှုကြောင့် ဒေါ်ငွေးတွင် ဝဲ/ယာနားထင်ဖူးရောင်၊ယာနား/နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိပြီး သတိလစ်သွားသဖြင့် ပဲခူးဆေးရုံသို့ပို့ဆောင်စဉ်သေဆုံးသွားရာ ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ မောင်ချိုအား ဘောနတ်ကြီး အမြန်လမ်းရဲစခန်းကယာဉ် (ပ)၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



အများပြည်သူသိရှိရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၁၀/သမိုင်း၊ မြေကွက်အမှတ်-၆၈/၄/၃၆ဟု ခေါ်တွင်သောမြေကွက်သည် မူလက ၀.၁၆၆ဧကရှိခဲ့ပြီး ဒေါ်စိန်မေအမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ထိုမြေကွက်၏ လက်ယာဘက်အခြမ်းရှိ အလျားပေ၅၀×အနံပေ၅၀ရှိ အစိတ်အပိုင်းကို ဒေါ်စိန်မေကိုယ်တိုင် သက်ရှိထင်ရှားရှိစဉ်ကပင် ရောင်းချ ခဲ့ပြီးဖြစ်ပါသည်။ မိခင်ကြီး ဒေါ်စိန်မေ ကွယ်လွန်အနိစ္စရောက်သောအခါ အမွေဆက်ခံသူများ အဖြစ် ၁။ဦးမြင့်သိန်း၊ ၂။ဦးမြင့်သန်း၊ ၃။ဒေါ်စန်းစန်း၊ ၄။ဦးခင်ဇော်တို့ ညီအစ်ကိုမောင်နှမ(၄)ဦးသာ အမွေဆိုင်အဖြစ် ကျန်ခဲ့ပါသည်။ ဦးမြင့်သန်းကွယ်လွန်အနိစ္စရောက်ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်တင်ရှိန်သည် အမွေစားအမွေခံအဖြစ် ကျန်ရစ်ခဲ့ပါသည်။

အထက်ဖော်ပြပါ ဒေါ်စိန်မေ၏အမွေစားအမွေခံများ၏ သဘောတူညီချက်မပါရှိဘဲ အဆိုပါကျန်ရှိသော မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်း၊ အဆိုပါမြေကွက်ကို ရောင်းချပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ကြရန် သသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ကေသီအုံး[အယ်(လ်)အယ်(လ်)အမ်]
LL.M(ADNOCATE)
တရားလွှတ်တော်ရှေ့နေ

ဦးအုံးမောင်[ဘီအက်(စ်)စီ၊ဘီအယ်(လ်)]
B.Sc.,B.L
(တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်)

ဒေါ်စန်းစန်းရီနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်းမောစမ်းတောင်ပိုင်းရပ်ကွက်၊ အမှတ်(၃)နေ ဒေါ်စန်းစန်းရီ(ISN-075089)ကိုင်ဆောင်သူနှင့်အများသိစေရန်။

အထက်ပါလိပ်စာတွင်နေထိုင်သူ ဒေါ်စန်းစန်းရီက(ကယားပြည်နယ် ဗဟိုဆက်ဆံရေးနှင့်စီးပွားရေးရုံး)၏ စီးပွား၊ စီမံတာဝန်ခံ တစ်ယောက်ဟုပြောဆိုပြီး အဖွဲ့အစည်းအမည်အား အလွဲသုံးစားလုပ်၍ ဌာနဆိုင်ရာများနှင့်လူ့အဖွဲ့အစည်း များတွင် လုပ်ပိုင်ခွင့်ကိုအဖွဲ့အစည်းအမည်သုံး၍ လိုက်လံဆောင်ရွက်နေကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်စန်းစန်းရီအား (ကယားပြည်နယ်ဗဟိုဆက်ဆံရေးနှင့်စီးပွားရေးတာဝန်ခံရုံး)မှ မည်သည့်တာဝန်များ လုပ်ပိုင်ခွင့်များလုံးဝ(လုံးဝ)ပေးအပ်ထားခြင်းမရှိပါ။

နောက်နောင်ဒေါ်စန်းစန်းရီနှင့်ပတ်သက်ပြီး အထက်ပါ ငြိမ်းချမ်းရေးနှင့် တစ်စုံတစ်ရာပြဿနာပေါ်ပေါက်ခဲ့သော် ဒေါ်စန်းစန်းရီ၏ တာဝန်သာဖြစ်ပြီး အဖွဲ့အစည်းနှင့်လုံးဝ(လုံးဝ)မသက်ဆိုင်ကြောင်း အများသိစေရန်အကြောင်းကြားအပ်ပါသည်။

သိရှိလိုကမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၉-၃၁၈၆၁၁၅၇

◯ ဆောင်းခိုငှက်များမှ

ဝါးရုံပင်ပေါင်းသုံးသိန်းခွဲရှိပြီး ငှက်ပျော၊ မာလကာ၊ သံပရာ၊ သရက်၊ ကွဲကော၊ ဒန့်သလွန်၊ ပေါက်ပန်းဖြူ ကွမ်းသီးစသည့် စိုက်ပျိုးပင်များအပြင် သဘာဝ ပေါက်ပင်အမျိုးအစားပေါင်းစုံလင်စွာ ပေါက်ရောက်နေသည့်အတွက် တောအုပ်ကြီးတစ်ခုကဲ့သို့ စိမ်းစိုနေသည့်အပြင် ရှားပါးငှက်မျိုးစိတ်များကိုလည်း နေရာအနှံ့အပြား တွေ့မြင်ခဲ့ရသည်။

ကျောင်းသား ကျောင်းသူများနှင့် ဇီဝမျိုးစုံမျိုးကွဲများ လေ့လာရန် စာတမ်းပြုစုရန် Orchard Farm-1 ကို ရွေးချယ်ဖြစ်ခဲ့ပုံကိုလည်း Dr.JOHN B.SALE က "ဒီ Orchard Farm-1 ကို ရွေးရတာကတော့ ဒီနေရာဟာ ရန်ကုန်နဲ့လည်း နီးတယ်၊ ပြီးတော့မြန်မာနိုင်ငံရဲ့ မျိုးရင်းဖြစ်တဲ့ ကြိုးကြာခေါင်းနီလို ရှားပါးငှက်တွေအပြင် အခြားငှက်မျိုးစိတ်တွေကိုလည်း ဘယ်လောက်ရှိတယ်။ အဲဒီမျိုးစိတ်တွေက သူတို့ဝန်းကျင်မှာရှိတဲ့ ဂေဟစနစ်နဲ့ ဘယ်လိုဆက်စပ်နေတယ်။ နေထိုင်ကျက်စားကြတယ် စတာတွေအပြင် အခြားသဘာဝပတ်ဝန်းကျင်မှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေရဲ့ ဂေဟစနစ်ကိုလေ့လာသင်ပြပေးလို့ရတဲ့အတွက် ရွေးချယ်ခဲ့တာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံရှိ ရေတိမ်ဒေသများတွင် ဆောင်းခိုငှက်များပျံသန်းနားခိုရာ လမ်းကြောင်းနှစ်ခုဖြစ်သည့် Central Asian Flyway နှင့် East Asian Australian Flyway တို့အတွင်းပါဝင်သည့်အတွက် နှစ်စဉ်ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များ ဆောင်းကာလတွင် လာရောက်ကျက်စားလေ့ရှိသည်။ ထို့အတူပင် အဆိုပါလမ်းကြောင်းနှစ်ကြောင်းမှ ဆောင်းခိုငှက်များ Orchard Farm -1 အတွင်းသို့ ဝင်ရောက်ကျက်စားလေ့ရှိပြီး ငှက်မျိုးစိတ်ပေါင်း ၁၀၀ ကျော်ခန့် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။ ထိုအထဲတွင်မှ ကမ္ဘာ့မျိုးသုဉ်းပျောက်ကွယ်မှုနှင့် ရင်ဆိုင်နေရသော ငှက်အမျိုးအစားထဲတွင် ပါဝင်သည့် တင်ကျီးငှက်အမျိုးအနွယ်ဝင် ဩရောငှက်နှင့် ကြိုးကြာခေါင်းနီ (မြန်မာမျိုးစိတ်ရင်း) ကဲ့သို့သော ငှက်များကိုလည်း တွေ့ရှိခဲ့ရသည်။

ရေပျော်ငှက်များနှင့် ကုန်းတွင်းပိုင်းရှိငှက်များ လာရောက်နေထိုင်ကျက်စားမှု ဂေဟစနစ်တို့နှင့်ပတ်သက်၍ သုတေသနပြုနေသူ Dr.JOHN B.SALE က "ဘာကြောင့်ငှက်တွေ ဒီမှာပျော်သလဲဆိုတော့ Orchard ရဲ့ ငါးမွေးမြူရေးစနစ်ကြောင့်ပါ၊ သူကငါးတွေကိုမွေးတဲ့အခါ သဘာဝကိုအခြေခံပြီး မွေးတယ်၊ ပြီးတော့ ငါးကန်တွေကို ငါးမွေးမြူရေးကန်လို့မသိရဘူး၊ ရေညှိ၊ ရေမှော်၊ မြက်ပင်တွေ၊ ဒိုက်ဖောင်တွေနဲ့ကန်ကပြည့်နေတော့ သဘာဝရေကန်ကြီးလိုဖြစ်နေတယ်၊ နောက်ပြီး ဝါးရုံပင်တွေ၊ သဘာဝပေါက်ပင်တွေ၊ တခြားစိုက်ပျိုးထားတဲ့ သစ်ပင်တွေ၊ စိုစွတ်တဲ့မြေအနေအထားတွေ၊ မွေးထားတဲ့ငါးတွေက ငှက်တွေကို သဘောကျစေတယ်" ဟု ပြောသည်။

ငါးကန်များအတွင်း ငါးကြင်း၊ ရွှေဝါငါးကြင်း၊ တီလားဗီးယား၊ မြက်စားငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကျည်း၊ ငါးခူ၊ ငါးပြေမ၊ ငါးဖယ် စသည့်ငါးများကို ရေပေါ်တစ်လွှာ၊ ရေလယ်တစ်လွှာ၊ ရေအောက်တစ်လွှာဟူ၍ အလွှာလိုက် မွေးမြူထားကြောင်းနှင့် သဘာဝအတိုင်းမွေးမြူထားပြီး ပြင်ပမှအစာမကျွေးကြောင်း၊ ကန်ထဲမှဒိုက်ပင်၊ မြက်ပင်များနှင့် အင်းဆက်များကိုသာ စားစေခဲ့ကြောင်း၊ သုံးနှစ်တစ်ကြိမ်ဖော်ယူရာ ငါးများ၏အရွယ်အစားမှာ ငါးကြင်းတစ်ကောင်လျှင် အနည်းဆုံးသုံးပိဿာခန့်ရှိကြောင်း၊ ခေါင်းပွငါးများမှာ ၁၀ ပိဿာမှ ၁၃ ပိဿာထိရှိကြောင်း၊ မြက်စားငါးကြင်းမှာ ငါးပိဿာမှ ခြောက်ပိဿာထိရှိကြောင်း သိရသည်။

စိမ်းစိုနေသည့် စပါးခင်းများကိုလည်း တွေ့ရသည်။ ထို့ပြင် ငါးကန်ပေါင်ပေါ်တွင် ငှက်များကိုလေ့လာနိုင်ရန် ငှက်ကြည့်စင်များကိုလည်း ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

ကွဲအုပ်များ၊ ဆိတ်အုပ်များကို သဘာဝအတိုင်း လွတ်လွတ်လပ်လပ် မွေးမြူထားသည်ကိုလည်း တွေ့ခဲ့ရသည်။ ဝါးရုံပင်များ၊ ငှက်ပျောတောများနှင့် အခြားသစ်ပင်ပေါ်များတွင် ငှက်မျိုးစုံကိုလည်း ဗဟုသုတဖြစ်ဖွယ် လေ့လာခွင့်ရခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ ငှက်မျိုးစိတ်များကို လေ့လာခြင်းနှင့် ရှားပါးငှက်မျိုးစိတ်များကို သုတေသနပြုနေသူ ဦးစောမိုးဇက်က ငှက်များ၏ကဲ့သို့များစွာ တွေ့ရှိရခြင်းနှင့် ပတ်သက်၍ "ဒီနေရာမှာ ငှက်မပစ်ရဘူးလို့ တင်းကျပ်တဲ့စည်းကမ်းတွေကို ပိုင်ရှင်ကထုတ်ထားတဲ့အတွက် ငှက်တွေက အန္တရာယ်လည်းမရှိ၊ ပတ်ဝန်းကျင်မှာလည်း အနှောင့်အယှက်မရှိ၊ စားစရာကလည်းအဆင်သင့်ဆိုတော့ ဒီမှာလာခိုနေကြတာပေ့ါ။ ဒီဝင်းထဲမှာ ငှက်ကျားတွေအများကြီးတွေ့ရတယ်။ ကြိုးကြာငှက်တွေသားပေါက်တာ ဒီမှာတွေ့ဖူးတယ်။ ကြိုးကြာငှက်တွေ မျိုးသုဉ်းပျောက်ကွယ်တော့မယ့် အနေအထားမျိုးကြုံနေတယ်။ မျိုးသုဉ်းပျောက်ကွယ်တယ်ဆိုတာ သူတို့နေတတ်တဲ့သဘာဝပျက်စီးရင်၊ နောက်ပြီးလူတွေက ပစ်ခတ်ဖမ်းဆီးရင်၊ ဆေးချရင်ပျောက်ကွယ်မှာပဲ။ ဒါကြောင့် ဂေဟစနစ်တွေကို ကာကွယ်နိုင်ရင် ပိုကောင်းတာပေ့ါ" ဟု ပြောသည်။

သဘာဝငါးမွေးကန်ကြီး၏ ပိုင်ရှင်ဒေါက်တာမြင့်စိန်က နိုင်ငံခြားသားများ၊ ပညာရှင်များ၊ ဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများလာရောက်ခြင်းနှင့် ပတ်သက်၍ "ဝမ်းသာတာပေ့ါဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ အခုလို ရှားပါးငှက်မျိုးစိတ်တွေ ကျွန်တော့်ဝင်းထဲမှာတွေ့ရလို့ သုတေသနပြုချင်တဲ့သူတွေ၊ လေ့လာချင်တဲ့ နိုင်ငံခြားသားတွေ လာကမ်းလှမ်းတဲ့အခါ အရမ်းကိုဂုဏ်ယူမိတယ်၊ ပြီးတော့ ကျောင်းသား ကျောင်းသူတွေအတွက် လေ့လာသင်ယူနိုင်တဲ့ နေရာတစ်ခုဖြစ်လို့ အရမ်းကိုဝမ်းသာပီတိဖြစ်မိတယ်။ နိုင်ငံခြားသားတွေလေ့လာတော့ နိုင်ငံအတွက် ဂုဏ်လည်းယူမိတယ်"ဟု ပြောသည်။

၎င်းကပင် ဆက်လက်၍ မကြာမီကာလတွင် အမေရိကန်နိုင်ငံ ဘော့စတွန်မြို့၌ ကျင်းပမည့် Sea Food Show တွင်မြက်ကျွေးမွေးမြူထားသည့် အော်ဂဲနစ်ငါးကိုလည်း ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်နှင့်အတူ သွားရောက်ပြသမည်ဖြစ်ကြောင်း ကြေးမုံအဖွဲ့သို့ ပြောပြသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ Dr.JOHN B.SALE က "ကျွန်တော် အကောင်းဆုံး အကြံပေးချင်တာကတော့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်အောင် ငယ်စဉ်ကတည်းက ကလေးတွေကို သင်ကြားပေးပါ။ မြန်မာပြည်မှာ သဘာဝအရင်းအမြစ်တွေက သူများနိုင်ငံနဲ့ မတူပါဘူး။ အင်မတန်ကိုကြွယ်ဝချမ်းသာတယ်။ ကိုယ့်ပြည်တွင်းမှာရှိတဲ့ သတ္တဝါတွေ၊ မျိုးစိတ်တွေကိုချစ်မြတ်နိုးတဲ့စိတ်၊ ထိန်းသိမ်းချင်တဲ့စိတ်၊ ကာကွယ်ချင်တဲ့စိတ်တွေလိုအပ်ပါတယ်။ အဲဒီလိုလုပ်တတ်အောင်လည်း လူငယ်လူရွယ်တွေကို သင်ပေးပါ။ ကျွန်တော်ကိုယ်တိုင်လည်း International ကျောင်းတွေမှာ လိုက်လံသင်ပြပေးနေပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်နေစိတ်ထားက အင်မတန်အရေးကြီးပါတယ်။ ဒီလိုသတ္တဝါလေးတွေကို ကာကွယ်တတ်အောင်၊ ကိုယ့်နိုင်ငံမှာ ဇီဝမျိုးစုံမျိုးကွဲတွေ အင်မတန်မှကြွယ်ဝတဲ့အတွက်ကြောင့် မဆုံးရှုံးရအောင် ကာကွယ်ကြဖို့ ဖြန့်ဝေပေးကြပါ" ဟုပြောသည်။

ဆောင်းခိုငှက်များနှင့်ရေပျော်ငှက်များသာမက ဂေဟစနစ်နှင့် ရေတိမ်ဒေသများကို စနစ်တကျ ထိန်းသိမ်းသင့်ပေသည်။ ရုရှားနိုင်ငံကျွန်းဆွယ်ဒေသတွင် ကျက်စားသော ရေညှောင့်နှုတ်ဝိုင်းငှက် Spoon billed Sand Piper ငှက်မျိုးစိတ်သည် မျိုးသုဉ်းလုနီးပါးရင်ဆိုင်နေရသော ရေပျော်ငှက်မျိုးစိတ်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် အကောင်ရေ ၁၄၀ မှ ၄၀၀ ခန့်အတွင်းသာကျန်တော့ကြောင်း စစ်တမ်းများအရ သိရသည်။

သို့ပါ၍ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်တွင် တွေ့ရသော ရှားပါးငှက်မျိုးစိတ်များ၊ ဂေဟစနစ်များမပျက်စီးစေရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယာဉ်မတော်တဆမှုများနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား ပညာပေးဟောပြော၍ ဆိုင်ကယ်စီးဦးထုပ်များအခမဲ့ဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၁၁၆၄၉ မှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၉၇၂၅ ဦး၊ သေဆုံးသူ ၃၃၂၆ ဦးရှိခဲ့ကြောင်းတွေ့ရှိရသည်။ ၂၀၁၂ ခုနှစ် တစ်နှစ်လုံးတွင် တစ်ရက်လျှင်ပျမ်းမျှ ယာဉ်မတော်တဆမှု ၃၁ ဒသမ ၈၃ မှုရှိပြီး ဒဏ်ရာရသူ ၅၃ ဒသမ ၈၉ ဦး၊ သေဆုံးသူ ၉ ဒသမ ၀၉ ဦးရှိခဲ့သည်။ မော်တော်ဆိုင်ကယ်ပါဝင်ပတ်သက်မှု ၇၁၂၇ မှုရှိခဲ့၍ ယာဉ်မတော်တဆမှုများ၏ ၆၁ ဒသမ ၁၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အတူ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၁၃၉၀၇ မှုရှိခဲ့ပြီး ဒဏ်ရာရသူ ၂၃၄၃၅ ဦး၊ သေဆုံးသူ ၃၆၁၂ ဦးရှိခဲ့သည်။ ၂၀၁၃ ခုနှစ် တစ်နှစ်လုံးအတွင်း တစ်ရက်လျှင်ပျမ်းမျှ ယာဉ်မတော်တဆမှု ၃၈ ဒသမ ၁၀ မှုရှိပြီး ဒဏ်ရာရသူ ၆၄ ဒသမ ၃၈ ဦး၊ သေဆုံးသူ ၉ ဒသမ ၉၂ ဦးရှိခဲ့ပြီး မော်တော်ဆိုင်ကယ် ပါဝင်ပတ်သက်မှု ၇၈၅၄ မှုရှိခဲ့၍ ယာဉ်မတော်တဆမှုများ၏ ၅၆ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်းတွေ့ရသည်။ ဖော်ပြပါဖြစ်စဉ်နှင့်ကိန်းဂဏန်းများသည် မြေပြင်တွင် အမှန်တကယ်ဖြစ်ခဲ့သည့်အရေအတွက်ထက် လျော့နည်းနိုင်ပါသေးကြောင်း ခန့်မှန်းရသည်။

၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုကို နှိုင်းယှဉ်ပါက ၂၀၁၃ ခုနှစ်တွင် ၂၂၅၈ မှုတိုး၍ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၃၇၁၀ ဦး၊ သေဆုံးသူ ၂၈၆ ဦး ပိုမိုခဲ့ကြောင်းတွေ့ရှိရသည်။ မော်တော်ဆိုင်ကယ်ကြောင့် ဒဏ်ရာရ/ သေဆုံးမှုများတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်း၍သော်လည်းကောင်း၊ မေးသိုင်းကြိုးမတပ်၍သော်လည်းကောင်း၊ အရည်အသွေးမမီသော ဦးထုပ်ဆောင်းခြင်းနှင့်နှစ်ဦးထက်ပို၍ စီးခြင်းများကြောင့် ဖြစ်ပွားရကြောင်း လေ့လာတွေ့ရှိရသည်။

မော်တော်ဆိုင်ကယ်ကြောင့် ဒဏ်ရာရ/သေဆုံးသူများ ပိုမိုဖြစ်ပွားခဲ့၍ ၂၀၁၃ ခုနှစ်အတွင်း စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှုဖြင့် အဆင့်မီသော ဆိုင်ကယ်စီးဦးထုပ် ၁၄၈၆၁ လုံးကို ဦးထုပ်မဆောင်းသည့် ခရီးသွားပြည်သူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ပညာပေးကာ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့သည်။

ခရီးသွားမိဘပြည်သူများအား မကြာမီကာလတွင် (၉)ကြိမ်မြောက် (One Stop Service) စီမံချက်ဖြင့် မော်တော်ဆိုင်ကယ်လိုင်စင်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြုလုပ်ပေးသွားမည်ဖြစ်ပါ၍ မိဘပြည်သူများ၏ အသက်အန္တရာယ် မထိခိုက်စေရေး၊ ကိုယ်လက်အင်္ဂါများ မချို့ယွင်းစေရေး၊ မိသားစုဝင်များစိတ်ဆင်းရဲမှု မဖြစ်စေရေးတို့အတွက် မော်တော်ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းကာ မောင်းနှင်စီးနင်းကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(ယာဉ်ထိန်းရဲတပ်ဖွဲ့)**

ဓမ္မပူဇာသဘင် ဖိတ်ကြားခြင်း

သဲဖြူ/မဟာမြိုင်တောရ ဆရာတော်ကြီး၏ ဓမ္မပူဇာသဘင်အား Tiger Supply ကုမ္ပဏီမှ ကြီးမှူးကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ဖူးမြော် လှူဒါန်းပူဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ဘူတာရုံလမ်း၊
Tiger Supply Co.,Ltd
အချိန် - ဖေဖော်ဝါရီလ ၅ ရက်၊ ညနေ ၇နာရီ
စတုဒိသာ - ညနေ ၅ နာရီမှ ၇ နာရီအတွင်း
စုံစမ်းမေးမြန်းရန်ဖုန်း - ၀၉-၄၂၀၀ ၃၅၃၅၀၊ ၀၉-၅၀၄၃၄၂၇၊ ၀၉၅၁၃၀၁၇၃၊ ၀၉-၈၆၂၂၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန် စတိုနှင့် ဘိလပ်မြေစက်ရုံတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၃-၂-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၆-၂-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် ကြံခင်း ဘိလပ်မြေစက်ရုံမှ အလုံနှင်းဆီကုန်းလမ်း ဂိုဒေါင်သို့ (တင်/ချ အပါအဝင်) ဘိလပ်မြေ (၂၄၃)တန်အား မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။
တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၂-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၂-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

Expression of Interest (EOI) for Mobile Expansion Project

Myanma Posts and Telecommunications ('MPT') is considering to expand the existing mobile network throughout the country which is currently dominated by Huawei's, ZTE's and ASB's products from China. Total capacity is supposed to be 5 million lines and it would be comprised of(GSM),(HSPA+)and (LTE Advance) as shown in below.

GSM(900) - (20%)of Total Capacity
GSM/HSPA+(900/2100) - (80%)of Total Capacity
LTE Advance (1800) - (15%) of Total sites (existing or new site)
(Note-LTE is not for public services just for the ASEAN's meetings)

MPT would like to invite interested bidders to submit an **Expression of Interest** ('EOI') in person by February 11th, 2014,4:30 Pm @ the following address.

Address for Submission
Chief Engineer Office
Mobile Communications Department
Myanma Posts & Telecommunications
Nay Pyi Taw (Datkhina Thiri Town Ship Exchange Compound)
Phone -09 448000023; Fax 067-8100369

Detailed guide line, the ins and outs of the task described above could be obtained at a cost of 100,000Kyats per set for each ('EOI') at the same address.

Myanma Posts & Telecommunications

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်နေအိမ်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တိုင်းဒေသကြီး အစိုးရရုံးစိုက်ရာ လွှတ်တော်ဝင်းအတွင်းရှိ 6.6/0.4 KV 600 KVA Transformer (6)လုံးနှင့် 6.6/0.4 KV 300 KVA Transformer (4) လုံးတို့အား မြန်မာ့ငွေ(ကျပ်) ဖြင့် အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသည်-
တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၂-၂၀၁၄ ရက်
တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၃-၂-၂၀၁၄ ရက်
တင်ဒါဖွင့်မည့်ရက် - ၁၄-၂-၂၀၁၄ ရက် ၁၀:၀၀ နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

လွှတ်တော်နှင့်နေအိမ်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)
လွှတ်တော်ဝင်း၊ အလုံလမ်းနှင့် ပြည်လမ်းထောင့်၊ ရန်ကုန်
ဖုန်း-၀၁-၂၁၅၁၂၈၊ ၀၁-၂၁၇၅၅၉

နွေရာသီအခြေခံရေကူးသင်တန်း (၁/၂၀၁၄)ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို မတ် ၃ ရက် မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းချိန်မှာ အမျိုးသားလူကြီးတန်းကို နံနက် ၉ နာရီမှ ၁၁ နာရီအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ အမျိုးသမီးသင်တန်းကို နံနက် ၈ နာရီမှ ၁၀ နာရီနှင့် မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိ လည်းကောင်း၊ မျိုးဆက်သစ်လူငယ် အမျိုးသားနှင့် အမျိုးသမီးများအတွက် နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ၊ နံနက် ၈ နာရီမှ ၉ နာရီခွဲအထိ၊ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ၊ မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီ အထိ၊ ညနေ ၃ နာရီခွဲမှ ၅ နာရီအထိ လည်းကောင်း အသီးသီးဖွင့်လှစ်၍ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းမှာ အမျိုးသားလူကြီးဦးရေ ၅၀ နှင့် မျိုးဆက်သစ်လူငယ် အမျိုးသား အမျိုးသမီး ၂၀ ကန့်သတ်ထားသဖြင့် ရေကူးအားကစားဝါသနာရှင်များ ကြိုက်နှစ်သက်သည့်အချိန်တွင် သင်တန်းမဖွင့်မီအမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အသက် (၁၀) နှစ်အောက် မျိုးဆက်သစ် လူငယ်ဒိုင်ဗင်သင်တန်းကို နံနက် ၆ နာရီခွဲမှ ၈ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။ အခြေခံရေကူးသင်တန်း တက်ရောက်ပြီးသူများ (သို့မဟုတ်) ရေကူးတတ်ကျွမ်းသူများဖြစ်ရမည်ဖြစ်ပြီး ရေကူးကျွမ်းကျင်မှုရှိကြောင်း စစ်ဆေးခံရမည်ဖြစ်သည်။

ရေကူးသင်တန်းတက်ရောက်ကြမည့်သူများအနေဖြင့် သင်တန်းကြေး ငွေကျပ် ၃၀၀၀၀ နှင့် ကာလာဓာတ်ပုံ သုံးပုံ၊ ဒိုင်ဗင်သင်တန်းတက်ရောက်သူများကလည်း သင်တန်းကြေး ငွေကျပ် ၁၀၀၀၀ နှင့် အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

သင်တန်းနှင့်စပ်လျဉ်း၍ သိရှိလိုပါက အမျိုးသားရေကူးကန် ဖုန်း-၀၁-၃၇၈၅၅၀ နှင့် ၀၉-၄၄၈၀၀၅၂၉၁ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဗလင်စီယာကိုရှုံးနိမ့်ခဲ့ခြင်းသည် ဘာစီလိုနာအတွက် ဆိုးရွားသောနေ့တစ်နေ့ဖြစ်ခဲ့ကြောင်း မက်ဆီဖွင့်ဟ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ဒဏ်ရာပြဿနာကြောင့် အရန်ခုံတွင်ထိုင်ခဲ့ရပြီးနောက် အသင်းတွင်ပါဝင်ကစားလာနိုင်ခဲ့ပြီးနောက် ဘာစီလိုနာ၏ အိမ်ကွင်း နူးကမ့်၌ ဗလင်စီယာအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းသည် ဘာစီလိုနာအသင်းအတွက် ဆိုးရွားသော နေ့တစ်နေ့အဖြစ် ထင်မှတ်ခဲ့မိကြောင်း တိုက်စစ်မှူး မက်ဆီက ဖွင့်ဟပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ် ဘောလုံးရာသီအစမှ စတင်ကာ စပိန်လာလီဂါ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော်လည်း ဗလင်စီယာအသင်းအား ရှုံးနိမ့်ခဲ့ခြင်းသည် လာလီဂါဖလားအတွက် ပြိုင်ဘက်များဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကို အမှတ်ပေးဇယားကို ဦးဆောင်စေမည့် အခွင့်အရေး တစ်ရပ်ပေးလိုက်သကဲ့သို့ အနေအထား ရောက်ရှိခဲ့ကြောင်း တိုက်စစ်မှူး မက်ဆီက ပြောကြားခဲ့သည်။

ဗလင်စီယာအား ရှုံးနိမ့်ခဲ့သော ရလဒ်သည် စိတ်ပျက်ဖွယ်ကောင်းသော ရလဒ်ဟု နားလည်ထားကြောင်း၊ သို့ရာတွင် ဇန်နဝါရီ ဈေးကွက်မတိုင်မီက ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် သီတင်းခြောက်ပတ်ကြာ အရန်ခုံတွင် ထိုင်ခဲ့ရပြီးနောက် အသင်းနှင့်အတူ ပွဲထွက်ကစားလာနိုင်ခြင်းကြောင့် ကျေနပ်မိကြောင်း တိုက်စစ်မှူးမက်ဆီက ဆိုသည်။

ဝါရင့်ဂီတပညာရှင်နှင့် ပူးပေါင်းထားသည့် Crayon ပေါ့ပ်အဖွဲ့၏ တေးဗီဒီယိုသစ်

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်များပေါ်တွင် ကျူးကျော်ဝင်ရောက်ခြင်း၊ ဆိုင်းဘုတ်ထောင်ခြင်းများကို လုပ်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမှုသည်များ၏ညွှန်ကြားချက်အရ-
ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)
တရားလွှတ်တော်ရှေ့နေများ
ရုံးခန်း-(၁)အမှတ်၅၅၊ တတိယထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်
ရုံးခန်း(၂)အမှတ်(၉၀)၊ မြေညီထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်
ဖုန်း-၃၃၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၄၉၂၄၅၅၉၃၊ ၇၃၀၀၉၆၄၄

ထိုင်းရှိမြန်မာလုပ်သားဖမ်းဆီး သက်ညှာရန် တောင်းဆို

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား ပျမ်းမျှ နှစ်သန်းကျော် ရှိကြောင်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံရှိ အလုပ်လုပ်ခွင့်သက်တမ်းကုန်ဆုံး၍ တရားမဝင်ဖြစ်နေသော မြန်မာအလုပ်သမားများ ဖမ်းဆီးခံရမှုအား လျှော့ပေါ့ပေးရန် အစိုးရအဖွဲ့များနှင့် ဆွေးနွေးပြီး တင်ပြတောင်းဆိုခဲ့ကြောင်း အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဖမ်းဆီးတယ်ဆိုတာ တရားမဝင်ဖြစ်တာတွေလို့ အဓိကပြောချင်ပါတယ်။ ဒီအလုပ်သမားတွေကို သက်ညှာပေးဖို့ နဂိုကတည်းက ဆွေးနွေးထားပြီး အကူအညီတောင်းခံထားပါတယ်။ ဟိုမှာရှိတဲ့ အလုပ်သမားသံအရာရှိကလည်း အမြဲတမ်းစုံစမ်းပြီး ဒီကိစ္စတွေကို သတင်းပို့ပေးတာပဲလေ။ အဲဒီမှာရှိတဲ့ အဖွဲ့တွေနဲ့ သံရုံးတို့ ပူးပေါင်းပြီး အမြဲဆောင်ရွက်နေတာပါ" ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

လက်ရှိထွက်ပေါ်နေသော ထိုင်းနိုင်ငံရေးပဋိပက္ခများကြောင့် အလုပ်လုပ်ခွင့်သက်တမ်းကုန်ဆုံး၍ တရားမဝင်ဖြစ်နေရသော မြန်မာအလုပ်သမားများ ဖမ်းဆီးခံရမှုသတင်းထွက်ပေါ်နေမှုအား သေချာမှုရှိစေရန် စုံစမ်းသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများ အလုပ်အကိုင်ရရှိရန် ဆောင်ရွက်ပေးနေသည့် အေဂျင်စီများအား တရားမဝင် ပို့ဆောင်ခြင်းမပြုရန်နှင့် အလုပ်သမားများ နစ်နာမှုမရှိစေရေးအတွက် စာချုပ်ပါအချက်အလက်များအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား ပျမ်းမျှ နှစ်သန်းကျော်ရှိကြောင်း သိရသည်။ **စိုးအောင်ဖေ**

မွန်ပြည်နယ်တွင် မီးလောင်ကျွမ်းမှုများ ဆက်တိုက်နီးပါး ဖြစ်ပွားလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်၊ နေ့လည် ၁၂ နာရီ ၄၅ မိနစ်အချိန်က မွန်ပြည်နယ် ပေါင်မြို့နယ် လက်ပံတောကျေးရွာ၊ အမှတ်(၉)အပိုင်းနေအိမ်တွင် ထင်းမီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေအိမ်နှစ်လုံးမီးလောင်ကျွမ်းဆုံးရှုံးခဲ့သည်။ အလားတူ ယင်းနေ့ နံနက်ပိုင်း ၉ နာရီ ၁၀ မိနစ်အချိန်ကလည်း မော်လမြိုင်မြို့၊ မုပွန်တိုးချဲ့ရပ်၊ (၅)လမ်းအောက်ပိုင်းရှိနေအိမ်တွင် လူစောင့်မရှိရိုက် ဆိုလာစနစ်ဖြင့် ဘက်ထရီအားသွင်းထားရာမှ ဘက်ထရီအိုး အပူလွန်ကဲပြီး ပေါက်ကွဲကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ မီးလောင်မှုကြောင့် ဓနိမိုးထရံကာပျဉ်ခင်း နေအိမ်နှစ်လုံးဆုံးရှုံးကာ အိမ်ထောင်စုနှစ်စု၊ မိသားစုဝင် ၁၂ ဦး တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ဇန်နဝါရီ ၃၀ ရက် နေ့လည် ၁၂ နာရီ ၄၅ မိနစ်အချိန်ကလည်း၊ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ဗဟိုလမ်းရှိ နှစ်ထပ်တိုက်ခံနေအိမ်တွင်ဖွင့်လှစ်ထားသော နီလာမိတ္တူနှင့်စတိုးဆိုင်၏ ပြူတင်းပေါက် သံပန်းသံတံခါးအား လျှပ်စစ်ဖောက်စက်ဖြင့် အပေါက်ဖောက်ရာမှ မီးပွားများလွင့်စင်ကာ အနီးရှိ စာရွက်စာတမ်းများ၊ စက္ကူထုပ်များနှင့်ဓာတ်ဆီ ဒီဇယ်ဆီများသို့ အဆင့်ဆင့်မီးကူးစက်ပြီး လောင်ကျွမ်းမှုဖြစ်ခဲ့သည်။ မီးလောင်မှုကြောင့် အလုပ်သမားဖြစ်သူ မောင်မြင့်ဦးမှာ စိုးရိမ်ရသောအခြေနေထိ မီးလောင်ဒဏ်ရာရရှိခဲ့ပြီး၊ မော်လမြိုင်ပြည့်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ ရေသယ်ယာဉ် ၅ စီး၊ မီးသတ် ၈၀ ဦးနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲဌာနများမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းနှင့် ဓာတ်ပုံ - **ဆက်နေမင်းအောင်**

သတင်းတို

ပုံတောင်ပုံညာဒေသတွင် ပိုက်သွယ်တန်း

ဂန့်ဂေါမြို့နယ် ပုံတောင် ပုံညာတောင်ဒေသကျောကျေးရွာတွင် ဇန်နဝါရီ ၂၉ ရက်က စိမ့်စမ်းရေသွယ်ပိုက်စတင်သွယ်တန်းခဲ့သည်ဟု သိရသည်။ အဆိုပါစိမ့်စမ်းရေသွယ် ပိုက်သွယ်တန်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဦးကျော်သန်းဆွေ

ကွန်ကရစ်တိုင် အစားထိုးလဲလှယ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ လျှပ်စစ်သစ်သားတိုင်အစား ကွန်ကရစ်တိုင် အစားထိုးလဲလှယ်ခြင်းကို ဇန်နဝါရီ ၃၁ ရက်က ဆောင်ရွက်လျက်ရှိရာ အမြင့် ၁၀ မီတာ ကွန်ကရစ်တိုင်အလုံးရေ ၁၂၀ တိုင်ကို အင်းတော်-မော်လူး ၁၁ KV ဓာတ်အားလိုင်းတိုင်အစား ကွန်ကရစ်တိုင် အစားထိုးလဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဝိုင်းမော်မြို့တွင် ကျောင်းဆောင်သစ်ဆောက်လုပ်

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၄၄ သိန်းဖြင့် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင်ဆောက်လုပ်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်တွင် လုပ်ငန်း ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်ဟု သတင်းရရှိသည်။ **မိုးဃံကျ (မြစ်ကြီးနား)**

ဥပဒေရေးရာအရာရှိများ အရည်အသွေးမြင့်မားစေရန် စာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

ပုသိမ်၊ ဖေဖော်ဝါရီ ၃

ဥပဒေရေးရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ပုသိမ်မြို့တွင်ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လမ်းညွှန်ချက်များအရ ဥပဒေအရာရှိများ အရည်အသွေးမြင့်မားစေရန်နှင့် ပြည်သူများဥပဒေရေးရာဗဟုသုတပြန့်ပွားရေးအတွက် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပုသိမ်ဟိုတယ်ခန်းမတွင် ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

လွှတ်လပ်ပြီး လူသားဂုဏ်ရည် မြင့်မား ဒီမိုကရေစီလူ့ဘောင် . . .

အဆိုပါ ဥပဒေရေးရာ စာတမ်းဖတ်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကို၊ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့မှဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် ဝန်ကြီးချုပ် ဦးသိန်းအောင်က "ဒီမိုကရေစီ ကူးပြောင်းရာမှာ ပဋိညာဉ်မူ ဘောင်ကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အာဏာ ၃ ရပ်ကို ခွဲဝေပေးထားတာဖြစ်လို့ လွှတ်လပ်ပြီး လူသားဂုဏ်ရည်မြင့်မားတဲ့ ဒီမိုကရေစီလူ့ဘောင်ကြီးဖြစ်လာရေးအတွက် အဓိကအကျဆုံးဟာ တရားဥပဒေစိုးမိုးရေးပဲ ဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေး အဆင့်ဆင့်မှာ တရားရေးရာ၊ တရားဥပဒေစိုးမိုးရေးအပေါ်မှာပဲ မူတည်ပါတယ်" ဟု ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ် ဦးချစ်ကိုကိုကလည်း ဥပဒေသည် တရားမျှတရေးအတွက် အဓိကအကျဆုံးဖြစ်ရာ တရားဥပဒေစိုးမိုးရေးဆိုသည်မှာတရားစီရင်ရေးသာမက စီးပွားရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍများအတွက်ပါ ဆိုလိုခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဆောင်ရွက်သူများနှင့် အကျိုးစပ်ဆိုင်သူများ သည် တရားဥပဒေစိုးမိုးရေးကို အကောင်အထည် ဖော်ဆောင်ရွက်ရန် တာဝန်ရှိကြောင်းပြောသည်။ a ဇော်

ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(ရန်ကုန်)
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့
သီတဂူရေအလှူတော်ဓမ္မသဘင်
ဓမ္မပူဇာအစီအစဉ်

၁။ ၁၈-၂-၂၀၁၄ (အင်္ဂါနေ့) ဒေါက်တာအရှင်ဉာဏိဿရ(သီတဂူဆရာတော်)
၂။ ၂၂-၂-၂၀၁၄ (စနေနေ့) အရှင်ကောသလ္လ(လောကတ္ထစရိယဖောင်ဒေးရှင်း)
၃။ ၂၃-၂-၂၀၁၄ (တနင်္ဂနွေနေ့) ဒေါက်တာအရှင်ပညိဿရာဘိဝံသ(ဓမ္မဒူတ)
၄။ ၂၄-၂-၂၀၁၄ (တနင်္လာနေ့) အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)
ကျင်းပမည့်အချိန် -ည(၇း၃၀)နာရီ၊
ကျင်းပမည့်နေရာ -မြို့နယ်အားကစားကွင်း၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံမြို့နယ်။

ဆက်သွယ်လှူဒါန်းနိုင်ရန် - ဦးအေးမောင်(နာယက)ဖုန်း-၀၉၄၂၀၀၆၆၃၂၊ ဦးစိန်သန်း(နာယက) ဖုန်း-၀၉၄၉၃၂၂၅၁၅၊ ဦးဝင်းဇော်(ဥက္ကဋ္ဌ) ဖုန်း-၀၉၇၃၀၀၃၀၅၀၊ ဦးကျော်ကျော်စိုး (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၉-၃၁၀၄၉၁၇၁၊ ဒေါ်မိုးမိုးခိုင်ထွေး(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉၇၃၁၀၇၇၅၃

အထက မြောင်းတကာ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ(အထက)မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ၁၆-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်၍ ၁၉၆၉-၂၀၀၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော သက်ပြည့်၊ အငြိမ်းစား ဆရာကြီး/ဆရာမကြီးများနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ/ဆရာမ များ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများ လာရောက် ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေကြွရောက်ကြပါရန်
ဆက်သွယ်ရန်ဖုန်းနံပါတ်

၁။ ဦးတင်လှ ၀၉-၅၀၅၅၉၁၉ (နေပြည်တော်)
၂။ ဒေါ်အေးမာ ၀၉-၄၉၅၇၀၁၄၄
၃။ ကိုအောင်မင်းနိုင် ၀၉-၅၃၉၃၁၅၄
၄။ ကိုဝင်းခိုင် ၀၉-၄၉၅၇၀၁၈၁
၅။ မဥမ္မာကြည် ၀၉-၈၆၁၆၇၉၇ (စိုးလင်းထက်)
၆။ ကိုမြင့်ဇော်ဝင်း ၀၉-၇၃၁၅၈၅၂၉
၇။ ကိုကျော်ဆန်းဦး ၀၉-၇၃၁၆၁၉၆၉
၈။ ကိုထွန်းဇော်လတ် ၀၉-၇၃၀၆၈၇၁၄
၉။ ကိုသိန်းဇော်ဦး ၀၉-၃၁၄၈၂၉၇၆
၁၀။ မမေဦး ၀၉-၂၅၀၀၄၀၉၂၉
၁၁။ ကိုစည်သူဟိန်း ၀၉-၄၉၅၇၀၁၀၈
၁၂။ မပွင့်ဝါဦး ၀၉-၄၂၁၁၅၈၁၃၈

NT Car Rental 01 661668 09 73139320
ခရီးစဉ်မျိုးစုံနှင့်လချုပ်
ကားအမျိုးမျိုးငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များအားဖိတ်ခေါ်ပါသည်

တိုက်ခန်းငှားမည်
(၉သိန်း ၃သောင်း)
ရေကျော်လမ်းမ၊ (၁၉×၆၅)ပေ၊
မြေညီထပ်၊ (HALL) ကြွေပြားခင်း၊ ကပ်။
ရေမီး၊ရွှေဘုန်းပွင့်ဘုရားအနီး၊ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၇၃၇၃၈၀၈၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကမာရွတ်မြို့နယ်၊အမှတ်(၅)ရပ်ကွက် မင်္ဂလာသုခလမ်း၊ တိုက်-၆၀၊ အခန်း-၁၀၁ နေ ဦးဟုတ်ကြည်[၁၂/ကမရ(နိုင်) ၀၄၆၆၅၀]၏ သား မောင်အောင်နိုင်ထွန်း [၁၂/ကမရ(နိုင်) ၀၄၇၇၅၇]သည် မိဘ၏စကားကို နားမထောင်ဘဲ ၎င်းဆန္ဒအတိုင်း နေထိုင်ပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဖခင်
ဦးဟုတ်ကြည်

သာလွန် အင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန်
Dictionary for All
စကားလုံးအဓိပ္ပာယ် ငါးသောင်းကျော်
တန်ဖိုး ၁၅၀၀ ကျပ် New
သာလွန်စာအုပ်တိုက် - ၀၁-၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၂၀၃၈

River Art
(နွေရာသီ ပန်းချီသင်တန်း)

1. no.(27), 4A, ဦးထွန်းလင်းခြံလမ်း(လှည်းတန်းမီးပွိုင့်အနီး)
2. no.(210), 4A, မဟာဘောဂ(၂)လမ်း၊အ. ထ. က(၅)ကမာရွတ်အနီး
ပထဝီ၊သိပ္ပံ၊ Bio ပုံတွဲများပါသင်ပေးမည်။(လှည်းတန်း)

Art Teacher -လှသီတာဝင်း ဖုန်း- ၀၉-၅၀၉၁၈၇၃
☛ မတ်လ ၈ ရက် စဖွင့်ပြီ

မြေကွက်(၁၀)ကွက်တွဲ ရောင်းမည်

ဘားလားကျေးရွာတွင် လယ်သမားများနေထိုင်ရန် ဖော်ဆောင်ထားသော မြေကွက် (၁၀)ကွက်တွဲ ရောင်းမည်။
ဆက်သွယ်ရန်- ဖုန်း
၀၉-၇၃၁၃၉၇၉၅၊
၀၉-၄၂၀၂၇၀၅၀၆

စစ်ကိုင်းမြို့ရှိ ရပ်ကွက်များတွင် တရားမဝင် လောင်စာဆီဆိုင်များ၊ ဓာတ်ဆီဆိုင်များကို ပုလင်းထောင်၍ အများအပြား ဖွင့်လှစ်လာကြကြောင်း သိရသည်။ မကြာမီကာလတွင် ပူပြင်းခြောက်သွေ့သည့် ရာသီသို့ ကျရောက်လာတော့မည် ဖြစ်ရာ ရပ်ကွက်များတွင် မီးဘေးကြို တင်ကာကွယ်ရေးများ လုပ်ဆောင်ကြတော့မည်ဖြစ်ပြီး၊ တရားမဝင်ရောင်းချသည့် ဓာတ်ဆီဆိုင်များကိုလည်း သက်ဆိုင်ရာမှ စိစစ်သင့်ကြောင်း၊ ခေတ်စနစ်ပြောင်းလဲလာခြင်းနှင့်အတူ ယာဉ်စီးရေ များပြားလာမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိကြောင်း သိရသည်။ မန္တလေးတိုင်း၊ မြစ်ငယ်မြို့တွင် ဓာတ်ဆီစာအုပ်မလိုဘဲ ဝယ်ယူရရှိနိုင်ပြီး စစ်ကိုင်းတွင်မူ စာအုပ်စနစ် ရှိနေဆဲဖြစ်ကာ အိမ်တိုင်း ပုလင်းထောင်ရောင်းချသည့်ဆိုင်တွင်ဝယ်ယူနေကြသည်။ လွတ်လွတ်လပ်လပ် လိုသလောက် ဓာတ်ဆီဆိုင်ကြီးများတွင် ဝယ်ယူခွင့်ပြုလိုက်ပါက လမ်းဘေးမှောင်ခိုရောင်းချသည့် ဓာတ်ဆီဆိုင်များ ပျောက်ကွယ်သွားမည်ဖြစ်ပြီး မီးဘေးအန္တရာယ်လည်း စိုးရိမ်စရာမလိုတော့ဟု ဒေသခံများကဆိုသည်။

ခိုင်ဖေယျ(စစ်ကိုင်း)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ကျေးရွာချင်းဆက်လမ်း ဖွင့်လှစ်

ဟိုပုံး၊ ဇန်နဝါရီ ၄

ကျေးလက်နေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး အဓိကလမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးသည် အရေးပါသည့်အပိုင်း ဖြစ်သည့်အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ကျောင်းတန်းကျေးရွာမှ ဘော်ကုန်း၊ တိလုံ၊ မောက်မွန်းနှင့် နောင်ဒေး ကျေးရွာအုပ်စု မီးရဲကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့သည်။

ထုတ်ကုန်များကို အဆင်ပြေစွာ သယ်ယူပို့ဆောင် ရောင်းချနိုင် . .

လမ်းဖြစ်မြောက်ရေးကော်မတီတစ်ဦးမှ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုနှင့်ပတ်သက်၍ "ယခု ဖောက်လုပ်ပြီးစီးသွားတဲ့ ၁၆ မိုင် အရှည်ရှိတဲ့ ဒီလမ်းကနေ ရရှိတဲ့အကျိုးကျေးဇူးတွေကတော့ ကျေးရွာအုပ်စုလေးအုပ်စုမှာ ပါဝင်တဲ့ ကျေးရွာဒေသခံ လူထုတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးအတွက် များစွာအဆင်ပြေစေမှာဖြစ်ပြီး စိုက်ပျိုးရေးသာလျှင် အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်း ဖြစ်တဲ့အတွက် ထွက်ရှိတဲ့ထုတ်ကုန်များကို အဆင်ပြေစွာ သယ်ယူပို့ဆောင်ရောင်းချနိုင်ခြင်း၊ တောင်ပေါ်ဒေသနေ ပြည်သူများ အနေနဲ့စားဝတ်နေရေး၊ လူမှုရေးတန်းရေးအတွက်လည်း အဆင်ပြေတဲ့အတွက်လမ်းဖြစ်မြောက်ရေးကော်မတီနဲ့၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ စက်ယန္တရား အကူအညီပေးမှုနဲ့ ဒီလိုသွားရေးလာရေး အဆင်ပြေလာပါတယ်" ဟု ပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိမ်းမောင်က ပအိုဝ်းဘာသာစကားဖြင့် အဖွင့်အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

မြို့နယ် (ပြန်/ဆက်)

သတင်းတိုများ

ဦးခေါင်းပြတ်လျက် လူသေအမျိုးသားအလောင်းတွေ့ရှိ

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နယ်မြေခံ ရဲစခန်းအပိုင် နယ်မြေတွင် ဇန်နဝါရီ ၂၈ ရက်နေ့ မွန်းတည့် ၁၂ နာရီခွဲက ခေါင်းပြတ်လျက် လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းရရှိသည်။ သိမ်ဇရပ်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ်ဇော်မျိုးလွင် (နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့)နှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများကစစ်ဆေးရာ ပိန္နဲကုန်းကျေးရွာ ဦးမောင်မောင်ပိုင် ရာဘာခြံစောင့်လုပ်သား အသက် ၂၆ နှစ်ရှိ မောင်ပြုံးမှာ ဒဏ်ရာများဖြင့် ဦးခေါင်းပြတ်လျက်တွေ့ရှိရပြီး ခန္ဓာကိုယ်နှင့် (၂၆) ကိုက်ခန့်အကွာ ရေအိုင်တွင် ပြစ်ချကာ ရာဘာကိုင်းများ ဖုံးအုပ်လျက် တွေ့ရှိရသဖြင့် ဒုရဲအုပ်ဇော်မျိုးလွင်မှ တရားလိုပြုလုပ်၍ သိမ်ဇရပ်ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းရာ ပြစ်မှုကျူးလွန်သူဟု သံသယရှိသူအား သိမ်ဇရပ်နယ်မြေခံရဲစခန်း ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားသည်။ **ကျော်လွင်ဦး**

နိုင်ငံခြားသားသတင်းထောက်အဖွဲ့လေ့လာသတင်းယူ

ဂျာမဏီနိုင်ငံမှ နိုင်ငံခြားသား သတင်းထောက်အဖွဲ့သည် ၂၀၁၃ နှောင်းပိုင်းတွင် ရန်ကုန်မှ စတင်ထွက်ခွာလာသော အမှတ် (၁၁) အဆန် လူစီးရထားပေါ်တွင် လိုက်ပါလျက် မြန်မာနိုင်ငံမီးရထားစီးသူများ ခရီးသွားဝန်ဆောင်မှုအား ခေတ်စနစ်ပြောင်းလဲလာသော ကာလ တိုးတက်လာမှု ရှိ-မရှိ သိလိုသောကြောင့် ရန်ကုန်မှစတင်ထွက်ခွာလာချိန်ကစ၍ တစ်တွဲချင်းခရီးသည်များထံ သိလိုသည်များ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း အစီအစဉ်များကို ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးခဲ့ကြောင်း မြန်မာနိုင်ငံမှ စကားပြန် ကိုတင်ထွန်းအောင်က ပြောသည်။ အဆိုပါ Alexamder Schweitzer @ SWR. de SWR. de ဦးဆောင်သော ဂျာမဏီမှ သတင်းထောက်အဖွဲ့သည် ခရီးသည်များအား မေးမြန်းရိုက်ကူးရာ မြန်မာ့မီးရထားကို အမြဲတမ်းစီးဖြစ်၊ မစီးဖြစ်၊ စီးရခြင်းရည်ရွယ်ချက်၊ အခက်အခဲ၊ ရထားလမ်းပိုင်းများ ယခင်ကထက် တိုးတက်ပြောင်းလဲခြင်း ရှိ-မရှိ။ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအဆင် ပြေ-မပြေ စသည်တို့ကို မြန်မာစကားပြန်မှတစ်ဆင့် မေးမြန်းရိုက်ကူးကြောင်း ၎င်းက ပြောသည်။ ၎င်းအဖွဲ့သည် မန္တလေး-မြစ်ကြီးနား မြန်မာ့မီးရထား ခရီးစဉ်ကို ဆက်လက်သွားရောက် လေ့လာမည်ဟု သိရသည်။ **တင်ဦး (ရမည်းသင်း)**

တပ်ကုန်းနှင့်ရမည်းသင်းကြားလူတစ်ဦးကိုရထားတိုက်

ရန်ကုန်မှစတင်ထွက်ခွာလာသော အမှတ်(၁၁)အဆန်လူစီးရထား ၇. ၁၂. ၂၀၁၃ ညနေ အချိန်တွင်တပ်ကုန်းမြို့နှင့် ရမည်းသင်းကြား မိုင်တိုင်အမှတ် ၂၅၈/၁၂ ဥသျှစ်ကုန်းရွာအဝင်ပေါက်အနီးတွင် အသက် ၁၃ နှစ်အရွယ်ရှိ မောင်ဇော်ရဲမောင်အား ရထားဖြင့်ပွတ်တိုက်မိကြောင်း သိရသည်။ ရထားစက်ခေါင်းမောင်းက ပြောရာတွင် "ကိုက် ၁၀၀/၂၀၀ လောက်အလို ရထားလမ်းဘေးမှာ မြက်ထုံးထမ်းလာတဲ့ လူငယ်တစ်ယောက်နဲ့ ကလေးငယ်ပွေ့လာသော လူတစ်ယောက်ကိုတွေ့တော့ အချက်ပေးဥသြဆွဲပြီး အရှိန်လျှော့မောင်းလာချိန်မှာ ပွတ်တိုက်မိပြီး ချုံထဲလွင့်သွားတာတွေ့လိုက်တော့ ရထားကိုအရှိန်လျှော့ရပ်ပြီး တာဝန်ရှိသူတွေနဲ့ တိုက်မိသူကို သွားရှာခဲ့ပြီး နီးစပ်ရာ တပ်ကုန်းဆေးရုံကို ပို့ပေးခဲ့ပါတယ်"ဟု ပြောသည်။ **တင်ဦး(ရမည်းသင်း)**

သင့်ဘဝ၊ အလုပ်နှင့် အောင်မြင်မှုအတွက် Eternal Light မဂ္ဂဇင်း

Eternal Light Magazine

ဖေဖော်ဝါရီလထုတ်
ထွက်ပြီ
"စည်းကမ်း"

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရေးသော အထိမ်းအမှတ်ပွဲများတဲ့သီတင်းပတ်၊ ကောင်းသန့်၏ နှုတ်စောင့်စည်းခြင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ စည်းကမ်းကောင်းနိုင်မယ်ဆိုတဲ့ ဦးဘုန်း(ဓာတု)၊ စည်းကမ်းရှိဖို့ နိုင်ငံကိုအုပ်ချုပ်နေတဲ့သူတွေမှာ တာဝန်ရှိတယ်ဆိုတဲ့ကျော်သူ၊ လူမှုပတ်ဝန်းကျင်ကောင်းဖို့ စည်းကမ်းက အခြေခံအကျဆုံးဆိုတဲ့ ခန့်စည်သူ၊ ဒီမိုကရေစီရဲ့အသီးအပွင့်ကိုစားချင်ရင် လူတိုင်း စိတ်ဓာတ်လေးတွေပြင်ပြီး စည်းကမ်းရှိကြပါဆိုတဲ့ လူရွှင်တော်စိန်သီး၊ လယ်တွင်းသားစောချစ်၏ စည်းကမ်းမဲ့တာ ရှက်စရာ၊ မောင်လှမျိုး(ချင်းချောင်းခြံ)၏ ကမ်းပြိုနေသောမြစ်ချောင်းများ၊ မောင်သာချို၏ ကြီးတော်၏နွားကျောင်းသမားများနှင့် ကွက်၍လပ်နေသော မြေကမ္ဘာ၊ အဲရီးကျော်၏ ဆရာနှင့် ကျူရှင်၊ ဒေါက်တာစစ်တင်(GP)၏ အိမ်ထောင်ပြုသည်ဆိုရာဝယ်၊ နဒီ၏ အကြောက်တရားကြောင့်မဟုတ်ဘဲ အပါအဝင် . . .

ရောင်းမည်

ကားသစ် ပရိုဘောက်(စ်)တက္ကစီ အမြန်ရောင်းမည်။ DD.Probox Taxi (Bago)၊ GL/DX
ဖုန်း-၀၉-၇၃၀၂၄၆၅၈၊ ၀၉-၂၅၄၀၄၇၄၄၆၊ ၀၉-၄၂၀၃၀၅၃၄၇။

ဧေယျာမြေစာပေတိုက်၊ ဖုန်း - ၂၅၀၆၆၇
မဂ္ဂဇင်း
အမှတ် - ၂၁၈
၂၀၁၄ ခုနှစ်၊ မတ်လထုတ်
ဥမင်သုံးဆယ်နှင့် ပုညရှင် စေတီထူး ဖူးခွင့်ကြုံပြီ၊ ဆုတောင်းပြည့် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး၊ ဖွားပွင့်ဟောစံရာ ဗုဒ္ဓဂယာ၊ ဇန်ကောက်မှ ကမ္ဘာသုံးခု၊ လူတွေကို ချကျွေးတဲ့ ရောမမြို့က လူသတ်ကွင်းကြီး။
ထွက်ပြီ
ကျေးဇူးတော်ရှင် ပခုက္ကူဆရာတော်ဘုရားကြီး၏ အပူဇော်ကန်တော့ခံ ဓာတ်တော်မွေတော်များကို ရောင်စုံဓာတ်ပုံ ဝေဝေဆာဆာဖြင့် အထူးမွမ္မံဒါနပြုထားပါသည်။

စားဝင်အိပ်ပျော် မူးမောကင်းဝေး

မုံရွာ ဆရာမိုး
အမောလုံ့ နှလုံးအားဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010736
ပင်ရင်း-ရျ-၃၅၆၊ မေဓါဝီလမ်းမကြီး၊ ရျ/ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၉-၅၁၈၈၆၃၂

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့

'မုံရွာဆရာမိုး' အမှတ်တံဆိပ်
ကျောက်တစ်လုံးဝမ်းမှန်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
0412YR004687
ပင်ရင်း-ရျ-၃၅၆၊ မေဓါဝီလမ်းမကြီး၊ ရျ/ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၁-၆၉၀၅၉၁၊

ရန်ကုန်မီးပွိုင့်အချို့ ဂျပန်နည်းစနစ်သုံး မီးပွိုင့်များအဖြစ် စီစဉ်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ရှိ မီးပွိုင့်ခုနှစ်ခုတွင် ဂျပန်နည်းစနစ်ပုံစံများ ပြုလုပ်ဆောင်ရွက်နိုင်ရန် စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်သံရုံး Economic and ODA Section မှ စီးပွားရေး သံမှူး Mr.Hideaki Matsuo က ပြောသည်။

"ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းပေးမယ့်ကူညီမှုမျိုးအဖြစ် ယာဉ်ကြောပိတ်ဆို့မှုများတဲ့ အဓိကကျတဲ့ မီးပွိုင့်တွေမှာတော့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောခဲ့သည်။

ထိုတပ်ဆင်မှုကိစ္စအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား)နှင့်လည်း ဆောင်ရွက်လျက်ရှိပြီး ရှစ်မိုင်မီးပွိုင့်တွင် စတင်တပ်ဆင်ကာ ရလဒ်ပေါ်မူတည်၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးသွားမည်ဟု ၎င်းက ဆိုသည်။

ရှစ်မိုင်မီးပွိုင့်တွင် တပ်ဆင်ထားသော စနစ်သည် ယာဉ်စီးရေအနည်းအများပေါ်မူတည်၍ အော်တိုအချက်ပြဆောင်ရွက်ပေးမည့်စနစ်ဖြစ်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးကို ဆောင်ရွက်ရာတွင် အထောက်ကူကောင်းများဖြစ်သည်။

> အရင်လုပ်ဆောင်သင့်သည်ဆို . . .

ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေး၊ မြို့ပြ Plan ရေးဆွဲမှုတွင်လည်း အကူအညီပေးခဲ့ပြီး ရေကိစ္စ၊ ရထားကိစ္စ၊ ဆက်သွယ်ရေးကိစ္စ၊ ပတ်ဝန်းကျင်နှင့် ဆိုင်သည့်ကိစ္စရပ်များအတွက် အကူအညီပေးရန် လေ့လာဆဲဖြစ်ကြောင်း၊ အရေးကြီးသည့် ကိစ္စများတွင် အထောက်အပံ့များပေးထားပြီးဖြစ်ကြောင်း ရန်ကုန်မြို့နှင့်ပတ်သက်၍ ဂျပန်ဘက်မှ လုပ်ဆောင် လေ့လာပေးမှုအားလုံးသည် အရေးကြီးသောကိစ္စရပ်များဖြစ်ပြီး မည်သည့်ကိစ္စ အရင် လုပ်ဆောင်သင့်သည်ဆိုခြင်းမှာ မြန်မာပြည်သူပြည်သားများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မည်သည့်ကိစ္စ အရင်လုပ်သင့်သည်ကို ဂျပန်ဘက်မှ ပြောမည်မဟုတ်ဘဲ မိမိဘာသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း စီးပွားရေးသံမှူးက ထပ်မံပြောသည်။

ယခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံအတွက် ယန်းငွေ ၁၁၄၂ ဘီလျံကို ပေးရန်သဘောတူထားပြီး ငါးနှစ်မှ ရှစ်နှစ်ကြားကာလအတွင်းအရစ်ကျ ပံ့ပိုးပေးသွားမည်ဟု ၎င်း၏ထုတ်ဖော်ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့ရှိ မီးပွိုင့်အများစုတွင် ဒစ်ဂျစ်တယ်စက္ကန့်များဖြင့် ဖော်ပြသည့်စနစ်မျိုးကို လွန်ခဲ့သော ၂၀၀၇ ခုနှစ်က တရုတ်ပစ္စည်းများတင်သွင်း၍ စတင်တပ်ဆင်လုပ်ဆောင်ခဲ့ဖူးကြပြီး ချို့ယွင်းမှုများလည်း ကြုံခဲ့ရကြောင်း သိရသည်။

ထက်နိုင်(စမ်းချောင်း)

မြန်မာနိုင်ငံအရပ်ရပ် မီးဘေးအန္တရာယ်ကာကွယ်တားဆီးရာတွင် ထိရောက်မှုရှိစေရေးအတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဝယ်ယူအားဖြည့်သည့် မီးသတ်ယာဉ် ၂၂၂ စီး မူဆယ်ခရိုင် မီးသတ်တပ်ဖွဲ့ရုံးသို့ ရောက်ရှိခဲ့သည်။ "အခုလို မီးသတ်ကားတွေ ကျွန်တော်တို့မြို့ကနေတစ်ဆင့် ဖြတ်သွားပြီး မြန်မာပြည်အနှံ့ လိုအပ်တဲ့နေရာတွေမှာ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်အားဖြည့်တာတွေ့လိုက်ရတော့ အများပြည်သူအားလုံးအတွက် အားရဝမ်းသာစရာပါ"ဟု မူဆယ်မြို့နေပြည်သူတစ်ဦးက ပြောသည်။ သတင်းနှင့် ဓာတ်ပုံ- ကြေးမုံ

လိုင်းကားမောင်းသည့် ယာဉ်မောင်းများ လစာပေးစနစ် ဖော်ဆောင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ခရီးသည်တင် လိုင်းကားမောင်းနှင်သည့် ယာဉ်မောင်းများအား စည်းကမ်းတကျ မောင်းနှင်စေရန်အတွက် ယာဉ် မောင်းသင်တန်းကျောင်းဖွင့်လှစ်၍ ယာဉ်လုပ်သားများအား လစာပေးစနစ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း Ommi Focus ကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ ဦးကျော်သီဟက ပြောသည်။

"ယာဉ်မောင်းသင်တန်းကျောင်းကို MIC ခွင့်ပြုချက်ရတာနဲ့ စတင်ဖွင့်လှစ်သွားမှာပါ။ ကားကြီးမောင်းတတ်တယ် ဆိုရင်လည်း မရပါဘူး။ သင်တန်းပြန်ပေးသွားမှာပါ။ လစာပေးကျင့်သုံးတဲ့စနစ်ကို တချို့ယာဉ်ပိုင်ရှင်တွေနဲ့ ယာဉ်လုပ်သားတွေက ဝိုင်းပြီးကန့်ကွက်ကြတယ်။ ယာဉ်မောင်းတွေကို စင်ကာပူနိုင်ငံမှာရှိတဲ့ စီးတီးဘတ်စ်မောင်းနှင်တဲ့ ယာဉ်မောင်းအတိုင်း လေ့ကျင့်ပေးသွားမှာပါ။ မြန်မာနိုင်ငံမှာရှိတဲ့ စင်ကာပူသံအမတ်ကြီးနဲ့လည်း တွေ့ဆုံပြီးသွားပါပြီ။ သံအမတ်ကြီးကလည်း လိုအပ်တဲ့ အကူအညီတွေကို ပေးသွားမှာပါ။ လစာပေးစနစ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်သွားမှပဲ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်မှာပါ"ဟု ၎င်းက ပြောသည်။

အခြေခံလူတန်းစားများအနေဖြင့် ခရီးသည်တင် လိုင်းကားများကို အသုံးပြုသွားလာနေရပြီး ယာဉ်စီးခပိုမိုတောင်း ခံမှုများနှင့် ခရီးသည်အား ရိုင်းပြစွာ ဆက်ဆံမှုများကို ခံစားနေရ၍ သက်သောင့်သက်သာနှင့်လုံခြုံစိတ်ချမှု၊ စိတ်ချမ်းသာမှုတို့ကို ပေးစွမ်းနိုင်သည့် မှန်ကန်သော ယာဉ်လိုင်းဖြစ်ပေါ်ပါက ခရီးသည်နှင့် ယာဉ်လုပ်သားများအကြား လက်တွဲညီညီဖြင့် အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြည်သူလူထုလိုအပ်နေသည်မှာယာဉ်လုပ်သားများ၏ ကောင်းမွန်သောဝန်ဆောင်မှုအပိုင်းဖြစ်ပြီး ခရီးသည်တင်ယာဉ်လုပ်သားများအား လစာပေးကျင့်သုံးမှုကို ထိရောက်အောင်မြင်စွာ ပြောင်းလဲနိုင်ပါက ပို့ဆောင်ရေးကဏ္ဍမှာ ကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

ကေသိန်းဆွေ

သတင်းတို

အာဆင်းနစ်ဓာတ်များသော ကျောင်းကုန်းမြို့သို့ လွှတ်တော်မှကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် အာဆင်းနစ်ဓာတ်များပြားနေကြောင်း လွှတ်တော်တွင်တင်ပြခဲ့မှုအပေါ် ပြည်သူ့လွှတ်တော်ကျန်းမာရေး မြှင့်တင်မှုကော်မတီဝင် ကျုံပျော်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးသူရနှင့် ကျောင်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီမှစတင်ကာ ကညင်သုံးဆင့်ကျေးရွာ၊ ဇရပ်ကွင်းကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ ဗျိုက်ကျေးရွာနှင့် သစ်ဆိမ့်ကုန်းကျေးရွာများမှ အာဆင်းနစ်ဓာတ်ပါဝင်မှုများသော ရေကိုသောက်သုံးခြင်းကြောင့် မည်သည့်လက္ခဏာပေါ်လာပြီး ကျန်းမာရေးမည်သို့ထိခိုက်စေခြင်းကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၈၇၆/ခ၊ မြေကွက်တည်နေရာအမှတ်(၈၇၆/ခ)၊ မေခလာလမ်း (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်ခင်မြဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်မြဝင်းထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၆၇၈(၃-၁၂-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထူးကိုယ်စားလှယ်ဦးသန်းအုန်း(ခ)ဦးအုန်းသန်း [၁၂/ဥကတ(နိုင်)၁၀၆၈၆၀]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၂၀(၂၀-၁၂-၂၀၁၃)ကိုတင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ပါ (၁၉၉၈)၊ (၂၀၀၀)၊ (၂၀၀၁)ခုနှစ်များတွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမြေရာဇဝင်တို့အားဌာနမှ ထုတ်ယူခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ ၃၉၁-(၁၄-၁-၂၀၁၄)ကို တင်ပြလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်ရှိ အုတ်ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာနပိုင် ကုန်ကြမ်းမြေများဖြစ်သော ကွင်းအမှတ် ၄၀၂(က)မင်္ဂလာဒုံကွင်း ဦးပိုင်အမှတ်(၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆) ဧရိယာ ၂၄ဒသမ၁၀၄ဧက၊ ကွင်းအမှတ် ၄၀၃ တကူခြံကွင်း ဦးပိုင်အမှတ်(၃၄)ဧရိယာ ၂၅ဧက၊ ကွင်းအမှတ် ၄၀၄(က)တညင်းကုန်းကွင်း ဦးပိုင်အမှတ်(၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၂၉၊ ၃၀၊ ၃၁) ဧရိယာ ၆၈ ဒသမ ၀၇ ဧက၊ ၄၀၄(က)တညင်းကုန်းကွင်း ဦးပိုင်အမှတ် (၃၉၊ ၄၀၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၃) ဧရိယာ ၆၂ဒသမ ၃၇ဧကနှင့် ကွင်းအမှတ်၄၀၄(ခ) တညင်းကုန်းကွင်း ဦးပိုင်အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁) ဧရိယာ ၅၀ဒသမ၁၂ဧကတို့အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ကြရန်နှင့် စက်မှုဝန်ကြီးဌာနပိုင်မြေများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်းနှင့် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အုတ်ထုတ်လုပ်ရေးဌာန၏
လွှဲအပ်ညွှန်ကြားချက်အရ-ဦးထင်လင်းနိုင်(LL.B,DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)
ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၃၁၄၈၃၂၃
တိုက် ၉/၁၁၊ အခန်း(၀၀၅)B၊ မြေညီထပ်၊ အမှတ်(၃၆)လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရနံ့သစ် မဂ္ဂဇင်း

စာပေအနုပညာနှင့် နိုင်ငံတကာရေးရာ

လွှတ်တော်များ၊ဥပဒေများနှင့်၂၀၁၃ ခုနှစ် နိုင်ငံရေး၊ လယ်တီဆရာတော်ကြီးနှင့် လက်ပံတောင်းတောင်၊ ဒါသင် ဒါကျက် ဒါဖြေစနစ် ဖျက်ဖို့လိုပြီ၊ AECအတွက် မြန်မာအဆင်သင့်ဖြစ်ပြီလားစသည်တို့နှင့်အတူ. . . သန်းစိုးနိုင်၊ ဝင်းထွဋ်ဇော်၊ Dr.ရန်မျိုးသိမ်း၊ Dr.ညီညီ၊ ဦးတင်ဦး(ကျူရှင်)၊ အောင်မြင့်ဦး(မဟာဝိဇ္ဇာ)၊ ညီစေမင်း၊ ဦးဘုန်း(ဓာတု)၊ စီးပွားရေးပညာရှင် ဒေါက်တာသိန်းဆွေနှင့်တွေ့ဆုံခြင်းတို့ဖြင့်. . . ဖေဖော်ဝါရီလထုတ် ထွက်ပြီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တံတားဖြူကန်လမ်း၊ အမှတ်(၁၀၁)၊ (၂)လွှာ၊ အခန်းအမှတ်(၅)ဟုခေါ်တွင်သော တယ်လီဖုန်း (၅၀၇၀၂၁) တပ်ဆင်ထားသည့် တိုက်ခန်းတစ်ခန်းနှင့် အရပ်ရပ်အကျိုးခံစားခွင့်များအားလုံးကို မူလပိုင်ရှင်ဖြစ်သူများထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဖြစ်သော (၁)ဦးဝင်းမောင်သိန်း (၁၂/ကမရ(နိုင်)၀၁၅၈၈၇)၊ (၂) ဒေါ်နန်းစန္ဒာဝင်း (၁၂/မရက(နိုင်)၀၉၀၀၀၇)တို့ထံမှ City View Co.,Ltd. ကိုယ်စားပြု၍ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်ကြောင်း အထောက်အထားနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျူးခေါင်
တရားလွှတ်တော်ရှေ့နေ
(စဉ်-၄၂၈၀)
ဖုန်း - ၀၉၅၀ ၉၆၉၀၃

ဦးရဲညွန့်
ဘဏ်ဥပဒေအကျိုးဆောင်နှင့်အထက်တန်းရှေ့နေ
(စဉ်-၉၆၄၁)
ဖုန်း -၀၉၅၁ ၁၄၅၇၅

City View Co.,Ltd. အကျိုးဆောင်ကုမ္ပဏီ
ဖုန်း - ၀၉ ၅၂၀၈၁၂၆ ၊ ၀၉ ၅၁၇၉၉၇၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉A၊ မြေကွက်အမှတ်-၂၁၆၊ မြေကွက်တည်နေရာအမှတ်(၂၁၆)၊ ဘုရင့်နောင်လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးကြည်အောင် (CE-၀၅၁၀၈၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဦးကြည်အောင် ကွယ်လွန်သဖြင့် ဒေါ်ခင်ငြိမ်း [၁၂/ကတတ(နိုင်)၀၂၀၁၅၆]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-ခ/၁၂၁၊ မြေကွက်တည်နေရာအမှတ်-(၂၇၈)၊ စကားဝါလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (မခင်အုန်းမြင့်-ဦးဟန်ရွှေ) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဟန်ရွှေ(ဖခင်)နှင့် ဒေါ်လှကြည်(မိခင်)တို့ ကွယ်လွန်သဖြင့်သားသမီးများ ဖြစ်ကြသော ဒေါ်မြိုးရှိ[၁၂/ဒဂတန(နိုင်)၀၀၅၅၃၂]၊ ဒေါ်မြိုးကြည်[၁၂/ဒပန(နိုင်)၀၃၃၁၈၉]၊ ဒေါ်စီစီ[၁၂/ဒပန(နိုင်)၀၃၃၁၉၁]နှင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်ခင်အုန်းမြင့် [၁၂/မဂတ(နိုင်)၀၅၅၇၂၅](MTNT-၀၂၇၂၈၇)တို့မှကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ်(၁၀၈)၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သော ဦးကျော်ဝင်း[၁၂/ပဇတ(နိုင်)၀၁၀၇၀၂]၏ ဇနီးဖြစ်သူ ဒေါ်အဲလီးဇဘက်မိုရင်းအိုဟားရား [၁၂/ပဇတ(ဧည့်)၀၀၀၀၃၁]ကိုင်ဆောင်သူသည် ကျွန်တော်မရှိခိုက် နေအိမ်မှ ပစ္စည်းများယူ၍ သမီးနှင့်မြေး သုံးယောက်တို့နှင့်အတူ ၂၃-၁-၂၀၁၄ရက်တွင် ဆင်းသွားပါ၍ ၎င်းအားကျွန်တော်၏ ဇနီးအဖြစ်မှ စွန့်လွှတ်ပြတ်စဲလိုက်ပါသည်။ ဒေါ်အဲလီးဇဘက်မိုရင်းအိုဟားရားနှင့် ပတ်သက်သော အဆိုးအကောင်းမှန်သမျှအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်ဝင်း[၁၂/ပဇတ(နိုင်)၀၁၀၇၀၂]
အမှတ်(၁၀၈)၊ ဗိုလ်ချုပ်လမ်း၊ (၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်

ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မြန်မာ့ရိုးရာထမနဲလှူဒါန်းခြင်းပွဲတော်ကို ၁၃၇၅ ခုနှစ်၊တပို့တွဲလ(လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

ထမနဲပွဲတော်ကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ ရက်(အဖိတ်နေ့)၊ ဖေဖော်ဝါရီလ ၁၃ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ၊ အခွန် ထမ်းများနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများပါဝင်သော အသင်း(၃၆)သင်းတို့ဖြင့် ထမနဲ ထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး၊ ဖေဖော်ဝါရီလ ၁၄ ရက်(တပို့တွဲလပြည့်နေ့) နံနက် ၅ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီး ကပ်လှူခြင်း၊ဩဝါဒပါတိမောက် ဒေသနာရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၆ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော်(၉၁)ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နံနက် ၇နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ဝိ/-နှင့်အထက်ပါဝင် ကုသိုလ်ယူလှူဒါန်းသည့် အလှူရှင်များကိုလည်း ထမနဲလက်ဆောင်များ ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ ထမနဲတစ်ဒယ်လျှင် ၃၀၀၀ဝိ/-နှုန်းဖြင့် ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ပဥ္စမအကြိမ်

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများတွေ့ဆုံပွဲနှင့်သက်ကြီးပူဇော်ပွဲ ၂၂-၂-၂၀၁၄(စနေနေ့)ကျင်းပမည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းစိုက်ပျိုးရေးခန်းမ၌ နံနက် ၁၀ နာရီ ကျင်းပပါမည်။

ယခင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ယခုစိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် သက်ပြည့်+နှစ်ပြည့် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၇၅)နှစ်နှင့်အထက် ကန်တော့ခံ အငြိမ်းစားဝန်ထမ်းဟောင်းများအတွက် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ယခုမှစ၍ လက်ခံနေပြီဖြစ်ပါသည်။ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းနိုင်ကြပါပြီ။(ဖိတ်စာများပို့၍ ဖိတ်ကြားမည်ဖြစ်ပါသော်လည်း အခက်အခဲများစွာရှိပါသဖြင့် ဖိတ်စာမရခဲ့ပါလျှင်လည်း မဖြစ်မနေကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။)

ဒေါ်မြင့်မြင့်စန်း၊ ရန်ကုန်တိုင်း(ငွေစာရင်း)ရုံး၊ ကြို့ကုန်း ဖုန်း -၀၉၇၃၀၉၄၂၃၈
ဒေါ်မီမီချို (မျိုးစေ့ဌာန၊ ကြို့ကုန်း) ဖုန်း-၀၉၇၃၉၀၁၆၅၅
ဦးမြင့်ဆွေ မြေပဒေသာဥယျာဉ်၊ ဗဟန်း-ဖုန်း-၀၉၄၄၈၀၀၇၇၁၀

Programming ကို အခြေခံမှ စနစ်တကျ လေ့လာလိုသူများအတွက်

Programming Fundamental

- Programming Language အားလုံးအတွက် အကျုံးဝင်သော အခြေခံ Concept များ နားလည်သဘောပေါက်စေရန် Java နှင့် C#.Net Language တို့ကို အသုံးပြု၍ သင်ကြားပေးမည်ဖြစ်သည်။
- ကွန်ပျူတာ တက္ကသိုလ် ၊ နည်းပညာ တက္ကသိုလ် တက်မည့်သူများ နှင့် HND Diploma တက်ရောက်လိုသူများအတွက် အခြေခံကောင်းများ ရရှိစေမည်ဖြစ်သည်။

ကွန်ပျူတာ အခြေခံရှိပြီးသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

Gusto IT Professional Institute
No.289 (A), Pyay Road, Sanchaung Township, Yangon.
Ph:09-730 31 302, 09-86 288 06

လက်ခံပြီ — ဂုဏ်ထူးရစေမည့်စာစီစာကုံးရေးတတ်ရန် စာစစ်အတွေ့အကြုံရှိ ဆရာမှူးအိမ်စိုး (ရန်တုန်တက္ကသိုလ်) ကိုယ်တိုင် အလယ်တန်း/အထက်တန်း (သီးသန့်) ၊

မြန်မာ စာစီစာကုံးအထူးတန်းများ

နွေသုံးလ — ဆရာမ ဒေါ်မိုးသူဇာ (မဟာဝိဇ္ဇာ) (မြန်မာစာ) တ မူလတန်း March 4, 11 စသင်မည်။

since1984 — Tel : 095146452

အဖြူလေး
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း

အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်းကမာရွတ်လှည်းတန်း

အဖြူလေးအင်္ဂလိပ်စာ၁၀တန်းကျောင်း၊အိမ်ဝိုင်း

၁၀တန်း အင်္ဂလိပ်စာဂုဏ်ထူးရသူတွေ နဲသွားပြီဆိုလို့ ဂုဏ်ထူးကျိန်းသေရဖို့ ဦးဟန်သာ ၁၀တန်း အင်္ဂလိပ်စာ ပြန်သင်ပါပြီ (၂၀၁၄-၁၅ အတွက် တန်းခွဲ ၃ခုသာလက်ခံမည်)

အသက် ၅နှစ် မှ ၁၆ နှစ် အထိ တစ်ပတ်လေးရက်တက်
နွေရာသီအင်္ဂလိပ်စာ Four Skills
အသက်/အတန်းအလိုက် တန်းခွဲများလက်ခံနေပြီ ။
March 3,10 စမည်(Aircon စာသင်ခန်း)(သုံးလ 70000/-)

အရေးနှင့်သဒ္ဒါတန်းများ
၁၀တန်းအောင်၊ဘွဲ့ကြို၊ဘွဲ့ရများအတွက် အင်္ဂလိပ်စာကို ကိုယ်တိုင်ရေးတတ်ဖို့ စနေ၊တနင်္ဂနွေနှင့်ရုံးချိန်လွတ် လေးလပြတ်တန်းခွဲသစ်လေးခု February 1,5 စမည် ။

အင်္ဂလိပ်စာအခြေခံခိုင်ပြီး ထူးချွန်လိုသူ အသက်၅နှစ်မှ ၁၄နှစ် တစ်ပတ်နှစ်ရက်တက် + ၄၅ မိနစ်စာ အိမ်စာလေးရက်
နှစ်ပေါက်အထူးတန်းများ
March 1, 8 စမည်
အသက်/အတန်းအလိုက်ကန့်သတ်လက်ခံပြီ၊၊လစဉ်20000/-

ကံ့ကော်ရွှေပြည်

ဖြိုးဝံ့ဖပေါ် နိုင်ငံကျော်

ဆရာကြီး ဒေါက်တာသန်းထွန်း B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)

ဂတန်း၊ ၉တန်း၊ ၁၀တန်း စခန်းသွင်းအဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခြံ)

- ကျောင်းသား၊ ကျောင်းသူဦးရေ နည်းနည်းသာလက်ခံ၍ တစ်ဦးချင်းစီ၏ ပညာရေးလိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်း၊
- ကျန်းမာရေး၊ လူမှုရေး ကိစ္စများတွင် မိဘများကဲ့သို့ပင် အထူးဂရုစိုက်ခြင်း၊
- အသင်အပြကောင်းခြင်း နှင့် စည်းကမ်းကောင်းခြင်း တို့တွင်

အစဉ်အလာကြီးမားသော ကံ့ကော်ရွှေပြည် မှ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် တန်းခွဲများ

မတ်လ အလယ်တွင်ဖွင့်လှစ်မည်

အမှတ်-၃(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂

မြန်မာ့တော်ဝင်ခရီး

ရွှေစက်တော်	Feb-14,21,28	53000Ks
တောင်ကြီး	Feb-14,21,28	145000Ks
ပုဂံ၊ ပုပ္ပါး	Feb-14,21,28	63000Ks

09-421057076, 09-5010418, 01-518327
wanderlustmyanmar@gmail.com

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းအမှတ်(လေးဒေါင့်ကန်)၊ မြေကွက်အမှတ်(၆၅၃)နှင့် တစ်ဆက်တစ်စပ်တည်းရှိ ဧရိယာ(၄၀×၆၀)ပေခန့်ရှိ မြေလပ်(အစိုးရမြေ)အား ဦးထွန်းရီ[၁၂/သဃက(နိုင်)၁၁၈၉၇၄] မှ အထူးဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့် နေ့မှစ၍(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ရာထူးဝန်စာမေးပွဲဖြေမည့်သူများအတွက်သတင်းကောင်း

တက်လမ်းရာထူးဝန်အင်္ဂလိပ်စာစာစီစာကုံးစာအုပ်

တက်လမ်း(၁)၊(၂)၊(၃)၊(၄)၊ I.Qစာအုပ်များလည်းရနိုင်ပါပြီ။

ရွှေမိသားစုစာပေ။ ၆၃၆၈၈၅၊၀၉၅၁၈၄၂၂၉၊၀၉၇၃၀၈၁၄၇၅

နှင်း
(မာယာ)

ပုခက်လွှဲသောလက်များတစ်ခေတ်ဆန်းချိန်

မြန်မာတစ်ပြည်လုံးဖြန့်ချိရေး - မြန်မာ့ခေတ်
အမှတ်(၁၇)၊ ဦးဝိစာရလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း - ၀၁-၃၉၂၇၂၅၊ ၀၉ ၄၂၂ ၄၉၃၀၉၀

ထွက်ပြီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-B၊ မြေကွက်အမှတ် ၃၅ အိတ်စ်/၁၊ မြေကွက်တည်နေရာအမှတ်(၄၅)၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊ (မလှကြည်)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မလှကြည်နှင့်ခင်ပွန်း ဦးတင်မြ၊သားများဖြစ်သော ဦးလှမိုး၊ ဗိုလ်မှူးဘာဘာတို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်ခင်ခင်စိုး[၁၂/စခန(နိုင်)၀၂၀၀၉၄] ၂။ဦးစိုးလှိုင် [၁၂/တမန(နိုင်)၀၂၃၈၄၂] ၃။ ဒေါ်သင်းသင်းနု[၁၂/ကမတ (နိုင်)၀၁၆၄၄၂] ၄။ ဒေါ်ကြည်ကြည်စိန်[၁၂/စခန(နိုင်)၀၂၇၄၈၂]၅။ ဒေါ်စိန်နွဲ့ [၁၂/ပဇတ(နိုင်)၀၁၈၅၇၃] ၆။ဦးပြေသိန်းကျော်[၁၂/ဒဂန(နိုင်)၀၂၇၂၈၂]၇။ ဒေါ်ဖွေးဖြူသဲ[၁၂/ကမတ(နိုင်)၀၅၅၇၄၃]တို့က သားသမီး၊ ချွေးမ၊ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ ၈/မြောက်ရပ်ကွက်၊ မြေညီထပ်၊ တိုက် (အေ-၆)၊ အခန်း (၀၀၁) နေ ဦးစိုးမိုးအောင်နှင့် အများသိစေရန် ကြေညာခြင်း

D4D Collection ၏(၁၀-၁၂-၁၃)နေ့စွဲပါအစည်းအဝေးဆုံးဖြတ်ချက်အရ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ကျွန်ုပ်၏ မိတ်ဆွေ **ဦးတိုးတိုးမောင်** (၉/ပမန (နိုင်) ၀၂၆၄၇၈) ကိုင်ဆောင်သူ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်း **ဦးစိုးမိုးအောင်** (၁၂/သဃက (နိုင်) ၀၆၆၅၃၄) ကိုင်ဆောင်သူသည် ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီနှင့် ခင်မင်ရင်းနှီးကြသော မိတ်ဆွေများဖြစ်၍ ကျွန်ုပ်မိတ်ဆွေထံမှ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေလိုအပ်သဖြင့် အကူအညီတောင်းခံလာပြီး (၁၀-၉-၁၃) ရက်နေ့တွင် ငွေကျပ် ၄၆၀၀၀၀ဝိ/- (ကျပ်လေးဆယ့်ခြောက်သိန်းတိတိ) ကို စာချုပ်ဖြင့် လက်မှတ်ရေးထိုး လက်ခံရယူသွားခဲ့ပြီး ထိုနေ့တွင်ပင် (၁၀-၁၁-၁၃) ရက်နေ့ ငွေများပြန်လည်ပေးအပ်ပါမည်ဟု ထပ်မံဝန်ခံကတိပြုခဲ့သော်လည်း သတ်မှတ်ရက်ထက် ကျော်လွန်၍ ယနေ့ချိန်ထိ ငွေကြေးပြန်လည်ပေးအပ်ခြင်းမရှိသလို အကြောင်းအမျိုးမျိုးပြ၍ တွေ့ဆုံဖြေရှင်းခြင်းလည်း လုံးဝမပြုလုပ်ပါ။ ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီမှ အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း လူကြီးမင်းဘက်မှ လက်ခံ ရယူခြင်း မရှိပါ။ ထို့ကြောင့် ယနေ့ ကြေညာသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီထံသို့ဖြစ်စေ ငွေတစ်လုံးတစ်ခဲတည်း လာရောက်ပေးအပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဖင်မာထွေး [LL.B, D.B.L, WIPO (Geneva)]
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၅၇)
အမှတ် - ၅၈ (ပထမထပ်)၊ အခန်း (၄)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၃၁၀၆၁၅၈

မခိုင်ခိုင်ဦး[၁၀/သဖရ(နိုင်)၀၀၄၂၀၀]သိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမျိုးမမလွင်ထံမှ မခိုင်ခိုင်ဦးက ၎င်းပိုင်ဆိုင်သည်ဟုဆိုသော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်အုပ်စု၊ထိန်စွန်းကျေးရွာ၊၃-လမ်းရှိ ပေ (၈၀×၁၀၀) အကျယ်အဝန်းရှိမြေအား ပိုင်ဆိုင်မှုအပြည့်အဝရှိစေရန် ပြုလုပ်ပေးမည်ဟု ပြောဆို၍ တန်းဖိုးတစ်စိတ်တစ်ပိုင်းတစ်ဒေသအား ယူဆောင်သွားပြီး ၂-၂-၂၀၀၃ရက်တွင် ပိုင်ဆိုင်ခွင့်စာချုပ်အား ကျွန်မအား ပေးအပ်ထားပါသည်။

တရားဝင်ပိုင်ဆိုင်မှုရှိစေရန် ယနေ့အချိန်အထိ ဆောင်ရွက်ပေးခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်၍ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
မျိုးမမလွင်	ဒေါ်ဆွေဆွေဦး (LL.B)
[၁၂/ဒဂန(နိုင်)၀၂၅၁၂၃]	တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၂၂)
၁၀၇၊ဗိုလ်ကြာညွှန့်လမ်း၊၃၂-ရပ်ကွက်၊	၁၂၅၊ဗိုလ်ကြာညွှန့်လမ်း၃၂-ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။	ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း၀၉-၇၃၀၂၇၄၄၅	ဖုန်း ၀၉-၂၅၄၁၂၃၁၈၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က)၊ မောင်းမကန်ကမ်းသာလမ်း၊ အိမ်အမှတ်(၁၉၉)၊ အကျယ်အဝန်း(၀. ၀၅၅ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းနိုင်(၁၂/တမန(နိုင်)၀၇၄၀၄၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ			အထက်တန်းရှေ့နေများ		
ဦးဝင်းဖေ	ဒေါ်မေရည်စိုးဦး	ဦးဝင်းအောင်	ဒေါ်ခိုင်ဇင်ဦး	ဒေါ်ခိုင်ခိုင်စန်း	ဦးအောင်နိုင်ထူး
B.A,LL.B,B.C.S,B.J.S	LL.B, D.B.L	LL.B, D.M.L,D.B.L	LL.B,D.B.L	LL.B,D.B.L	LL.B WIPO(Switzerland)

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311

ဗဟန်းရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

Auto ELECTRICAL & ELECTRONIC PRODUCTS

Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)

55,000/- 60,000/-

ဤစက်ကို တပ်ဆင်ထားခြင်းအားဖြင့်
၁။ မီးပျက်သည့်အခါ မီးပြန်လာသည့်အချိန်တွင် လူမှစောင့်ဆိုင်း၍ ရေတင်ရန် မလိုအပ်ခြင်း။
၂။ ရေလျော့လျင် ကွန်ပရက်ဆာအား အလိုအလျောက် မောင်းနှင်ပေးပြီး ရေပြည့်သည့်အခါ အလိုအလျောက် ရပ်တန့်စေခြင်း။
၃။ လျှပ်စစ်မီးအား ၁၆၀ V နှင့် ၂၄၀ V အကြားရှိမှသာ ကွန်ပရက်ဆာအား မောင်းနှင်ခြင်း။
၄။ လေဘားအား အလိုအလျောက်အဖွင့်/အပိတ်ပြုလုပ်ပေးသော စနစ်ပါရှိခြင်း။
၅။ အချက်ပြမီးအမျိုးမျိုးနှင့် အခြေအနေပြ အသံစနစ် အမျိုးမျိုးတို့ပါရှိခြင်း။

အမှတ်(၁) စက်မှုဝန်ကြီး ဌာနလျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုမိန့် ရရှိပြီ၊

ပစ္စည်းဖိုး လက်ခံ အာမခံ (တစ်နှစ်)

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single / Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/ Three Phase)

အမှတ်(၂၁၆)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၅၁၇၈၃၄၆၊ ၀၁ ၂၅၀၉၃၃
ရဲထွဋ်ကို(ရေ / သန့်) နေပြည်တော်။ ၀၉၄၂၀၇၄၅၆၅၇။ ၀၉၄၂၀၇၁၅၀၇၅
CSC ကွန်ပျူတာ(မန္တလေးမြို့) ၇၇ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ဖုန်း ၀၉ ၉၁၀၀၅၇၁၇၊ ၀၂ ၆၆၀၅၁

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးပြုံး
အသက်(၉၃)နှစ်
(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)

ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စက်မှုလက်မှုအထက(၁)
သူငယ်ချင်းကျောင်းသားဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဇော်မင်း(ငြိမ်း)
အသက်(၅၇)နှစ်
OTS-72 (ကြည်း-၁၉၈၆၇)
ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး၊ သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန

ပျဉ်းမနားမြို့နေ (ဦးထွန်းကြည်)-ဒေါ်ညွန့်ညွန့်တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထက(၁)အလယ်တန်းပြဆရာမ ဒေါ်ခင်ခင်ဟန်၏ခင်ပွန်း၊ ကိုဇာနည်မင်း- Dr. ဆုမြတ်ထွေး၊ မသီရိထွန်းတို့၏ဖခင်သည် ၂၈-၁-၂၀၁၄ ရက် နံနက် ၂း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကယားပြည်နယ်သာသနာရေးမှူးနှင့် ဝန်ထမ်းမိသားစုများ

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

(၄-၂-၂၀၁၃) မှ (၄-၂-၂၀၁၄)

